# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 21 December 2025 ၁၂၀၃၈


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်း ဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲပြီးစီးချိန်တွင် အနိုင်ရသည့်ပါတီအား နိုင်ငံတော်တာဝန်များ လွှဲပြောင်းပေးအပ်သွားမည်

## ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တပ်မတော်သားများအားလုံးက ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၀

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား မကွေးမြို့ရှိ နယ်မြေခံတပ်ဌာနချုပ် သီဟသူရကျင်စံခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

## ယနေ့ ဖတ်စရာ


ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့မှ ပြည်သူများအား အနုပညာရှင်များ ဆက်လက်ဖျော်ဖြေတင်ဆက် စာမျက်နှာ » ၈

ဆင်ခြင်လုပ်ကိုင်သင့်သည့် အလုပ်သုံးပါး ဆောင်းပါး စာမျက်နှာ » ၁၀

ပညာရေးချဲ့ထွင်ခြင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက် ဆောင်းပါး စာမျက်နှာ » ၂၁

နေပြည်တော် ဒီဇင်ဘာလူထုအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၆၀၀ ကျော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ စာမျက်နှာ » ၁၂

ကြေးမုံ

# တိုင်းပြည်အေးချမ်းသာယာဝပြောရေး ဒီမိုကရေစီနိုင်ငံခိုင်မာဖြစ်ထွန်းရေး

မြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေးအခြေအနေကို အားလုံးသိရှိကြပြီးဖြစ်သည်။ ထိုအခြေအနေကို မှန်မှန်ကန်ကန်ရှုမြင်ပါက အဖြူ/အမည်း ကွဲပြားစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။ မြန်မာ့နိုင်ငံရေးအခြေအနေကို အမြင်မတူသူများက မည်သို့ဆိုကြသော်လည်း လက်ရှိ၌ နိုင်ငံတော်၏ ရည်မှန်းချက်လည်းဖြစ်၊ ပြည်သူများ၏ လိုလားချက်လည်းဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး စတင်ကျင်းပတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအတွက် အရေးအကြီးဆုံးလုပ်ငန်းစဉ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပနိုင်ခြင်းမရှိသည့် အကြောင်းရင်းမှာ ဒေသအချို့၌ တည်ငြိမ်အေးချမ်းခြင်း မရှိမှု တစ်နည်းဆိုလျှင် အကြမ်းဖက်သောင်းကျန်းမှုကြောင့် မကျင်းပနိုင်ခြင်းဖြစ်သည်။ ရွေးကောက်ပွဲကိုအပိုင်းသုံးပိုင်းခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း နိုင်ငံတော်က အတိအလင်းပြောကြားထားသည်။ မြန်မာနိုင်ငံတွင် မြို့နယ် ၃၃၀ ရှိသည်။ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲ ပထမပိုင်းကို မြို့နယ် ၁၀၂ မြို့နယ်တွင် ပြုလုပ်မည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့တွင် ရွေးကောက်ပွဲ ဒုတိယပိုင်းကို မြို့နယ် ၁၀၀ တွင်ပြုလုပ်မည်။ ထို့နောက် နှစ်ပတ်အကြာတွင် ရွေးကောက်ပွဲတတိယပိုင်းကို မြို့နယ် ၇၂ မြို့နယ်တွင် ပြုလုပ်သွားမည်ဟု သိရသည်။

ကျန်ရှိသည့် မြို့နယ် ၅၆ မြို့နယ်ကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေဒေသများ ထိန်းချုပ်ရေး၊ ဒေသတည်ငြိမ်ရေးတို့ကို ခိုင်မာစွာတည်ဆောက်ပြီး တည်ငြိမ်အေးချမ်းသည့်အချိန်၊ သင့်လျော်သည့်အချိန်တွင် ကြားဖြတ်ရွေးကောက်ပွဲကို အတတ်နိုင်ဆုံး ပြုလုပ်ပေးရန် နိုင်ငံတော်က ရည်ရွယ်ထားသည်ဟု သိရသည်။ ရွေးကောက်ပွဲသည် နိုင်ငံအတွက်၊ ဒေသအတွက် မည်မျှအရေးပါသည်ကို ရွေးကောက်ခံအစိုးရ ပေါ်ပေါက်လာမှသာ သိနိုင်သည်။ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ခေါ်ယူ၍ အသစ်ဖွဲ့စည်းမည့်အစိုးရအား နိုင်ငံ့တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။ ဒီမိုကရေစီအစိုးရကာလတွင် မိမိဒေသအတွက် လိုအပ်သည်များကို တင်ပြတောင်းဆိုနိုင်သည်။

ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ်များတွင် နေထိုင်ကြသော ပြည်သူများ အနေဖြင့် မိမိတို့အနာဂတ်ကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်ရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံသမိုင်းတွင် လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် မည်သည့်အဖွဲ့အစည်း၊ မည်သည့်နေရာတွင်မှ အောင်မြင်မှုမရနိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျမှုသည် အချိန်ကာလတစ်ခုသာဖြစ်သည်။ မိမိတို့ဒေသသည် အစဉ်ထာဝရဖြစ်၍ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ အေးချမ်းသာယာဝပြောအောင် စစ်မှန်သည့်ဒီမိုကရေစီနည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အသိအမြင်ဗဟုသုတနည်းပါးသည့် ကျေးလက်နေပြည်သူများ အသိအမြင်ခံယူချက်လွဲမှားပြီး အတိဒုက္ခရောက်အောင် ပြုလုပ်ခြင်းသည် ယုတ်မာညစ်ထေးသည့်လုပ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ အထက်အလယ်ပိုင်းဒေသတွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် EAO အချို့၏အသုံးချခံအဖြစ် ပူးပေါင်းပြီး မိုးကုတ်၊ မိုးမိတ်၊ သပိတ်ကျင်း၊ မတ္တရာ၊ စဉ့်ကူးဒေသတစ်ဝိုက်အား ၂၀၂၄ ခုနှစ်တွင် ဝင်ရောက်တိုက်ခိုက်ကာ မြို့ရွာများတွင် တိုက်ပွဲဖော်ဆောင်ခြင်း၊ လုံခြုံရေးအင်အားနည်းသော တပ်စခန်းငယ်များကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်း၊ မြို့ရွာများတွင် ခြေကုပ်ယူစခန်းချခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို အတင်းအဓမ္မယူဆောင်ခြင်း၊ စက်ရုံအလုပ်ရုံများ မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင်မြေပေါ်မြေအောက် သယံဇာတများကို အဓမ္မနည်းဖြင့်ထုတ်ယူရောင်းချပြီး ၎င်းတို့အဖွဲ့ ခိုင်မာတောင့်တင်းအောင်၊ ကိုယ်ကျိုးသုံးစွဲနိုင်အောင် နည်းလမ်းပေါင်းစုံဖြင့်လုပ်ဆောင်ကြသည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများသည် အဆိုပါဒေသများအပါအဝင် ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိတို့နေရင်းဒေသတွင် ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ စက်ရုံ/အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ စီးပွားရေးအထောက်အကူပြု မြေပေါ်/မြေအောက် သယံဇာတများ ဥပဒေနှင့်အညီ စနစ်တကျပြန်လည်ဆောင်ရွက်နိုင်ရေး၊ ဒေသခံပြည်သူများ ပညာရေး၊ ကျန်းမာရေး စသည့်လိုအပ်မှုမှန်သမျှကို ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဒေသများ တစ်ခုပြီးတစ်ခု ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အမြစ်ပြတ်ချေမှုန်းရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် ဒီမိုကရေစီစနစ် ခိုင်မာဖြစ်ထွန်းရေးအတွက် ရွေးကောက်ပွဲသည် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ရာ မိမိဒေသတည်ငြိမ်အေးချမ်းစေရန် ဒေသခံပြည်သူများအနေဖြင့် ပါဝင်ဆောင်ရွက်ကြကာ မိမိနိုင်ငံအကျိုး၊ မိမိဒေသအကျိုးကို ဒီမိုကရေစီနည်းလမ်းဖြင့် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## လာနီညာအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ် သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာ အခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်များ ခန့်မှန်းချက်အရ ဒီဇင်ဘာလ တတိယ (၁၀) ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ် သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့် ရာသီဥတု ဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများကို အချိန်နှင့် တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်သည်။ **မိုး/ဇလ**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ အင်္ဂလိပ်စာမူ ပထမဆုရရှိသည့် Researcher Maung Han ၏ ‘Significant Cultural Information about Pyu Ancient Citles’ စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ပျူမြို့ဟောင်းများအကြောင်း သိရှိလိုသူ မြန်မာတိုင်းရင်းသားပြည်သူတို့ သာမက လာရောက်လေ့လာကြသည့် နိုင်ငံခြားသားများ သိသင့်သိထိုက်သော ပျူမြို့ဟောင်းများအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် စုစည်းတင်ပြထားသည်။

ပျူမြို့ဟောင်းတို့သည် အရှေ့တောင်အာရှနိုင်ငံများကပင် စံနမူနာယူရလောက်သော မြို့ပြအင်္ဂါရပ်များနှင့် ပြည့်စုံသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှု အစောဆုံးထွန်းကားခဲ့သော မြို့ဟောင်းကြီးများလည်း ဖြစ်ခဲ့သည်။ ဤစာအုပ်တွင် ပျူမြို့ဟောင်းများ၏ ယဉ်ကျေးမှုဆိုရာ သတင်းအချက်အလက်များကို မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီလက်အောက်ခံဘဝက မြန်မာနိုင်ငံကမွည်းကျောက်စာဌာနမှ ကျောက်စာဝန်များ၊ နိုင်ငံခြားသား ရှေးဟောင်းသုတေသနအရာရှိများက ပျူမြို့ဟောင်းများသို့ ကွင်းဆင်းလေ့လာတူးဖော်ခဲ့ကြသည်။ ဤသို့လေ့လာရာမှ တွေ့ရှိရသော ထူးခြားသည့် ပျူယဉ်ကျေးမှု ဝတ္ထုပစ္စည်းများ အကြောင်းနှင့် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ရှေးဟောင်းသုတေသနဌာနက တူးဖော်သုတေသနပြုခဲ့သော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ ပျူမြို့ဟောင်းများမှ တူးဖော်တွေ့ရှိချက်များအကြောင်းကို အခြေခံရေးသားထားသော စာအုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၁၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀ - ၁၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက်၊ ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် တပ်မတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေမှု**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲပြီးစီးချိန်တွင် အနိုင်ရသည့်ပါတီအား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တပ်မတော်သားများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း တိုင်းပြည်နှင့်ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထက်တိုင် ခိုင်မာစွာတည်ရှိနေသည့် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဥပဒေနှင့်ပတ်သက်၍ အသိပညာရှိသူများကို ရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လိုကြောင်း၊ တပ်မတော်သည် နိုင်ငံတော်နှင့် အမျိုးသားရေးကို သစ္စာရှိစွာဖြင့် ခေတ်အဆက်ဆက်ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေရမှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့ရသည့် ပြည်တွင်းပဋိပက္ခများနှင့် ပြည်ပမှကျူးကျော်မှုများကို “တိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းတိုက်”ဟူသည့်အတိုင်း အခက်အခဲများကြားမှ သောင်းကျန်းသူချေမှုန်းမှုစစ်ဆင်ရေးများကို ဆင်နွှဲခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်က ခေတ်အဆက်ဆက်ကျင့်သုံးဆောင်ရွက်ခဲ့သည့် နိုင်ငံရေးစနစ်များနှင့် ကြုံတွေ့ခဲ့ရမှုများ၊ ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်က အုတ်မြစ်ချဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

**✣ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စနစ်တကျဖြစ်ပေါ်လာအောင် ဦးဆောင်၍ဖော်ဆောင်ပေးခဲ့သည့် အဖွဲ့အစည်းဖြစ်သကဲ့သို့ မြန်မာ့ဒီမိုကရေစီစနစ်ခိုင်မာအောင် တည့်မတ်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်**

**✣ ပထမဒီမိုကရေစီအစိုးရသက်တမ်းနှင့် ဒုတိယဒီမိုကရေစီအစိုးရသက်တမ်းတွင်လည်း တပ်မတော်သည် ဒီမိုကရေစီအစိုးရအဖွဲ့များနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ခဲ့**

**✣ လက်ရှိဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးပဋိပက္ခများနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများအကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်ကိုလည်း တပ်မတော်ကသာ ဦးဆောင်၍ ဆောင်ရွက်ရခြင်းဖြစ်**

**✣ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူများကို ရွေးချယ်၍ ဆန္ဒမဲပေးကြရန်လို**

ဆက်လက်ပြောကြားရာတွင် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စနစ်တကျဖြစ်ပေါ်လာအောင် ဦးဆောင်၍ ဖော်ဆောင်ပေးခဲ့သည့် အဖွဲ့အစည်းဖြစ်သကဲ့သို့ မြန်မာ့ဒီမိုကရေစီစနစ်ခိုင်မာအောင် တည့်မတ်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ ပထမဒီမိုကရေစီအစိုးရသက်တမ်းနှင့် ဒုတိယဒီမိုကရေစီအစိုးရ သက်တမ်းတွင်လည်း တပ်မတော်သည် ဒီမိုကရေစီ အစိုးရအဖွဲ့များနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးပဋိပက္ခများနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများအကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်ကိုလည်း တပ်မတော်ကသာ ဦးဆောင်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူများကို ရွေးချယ်၍ ဆန္ဒမဲပေးကြရန်လိုကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့်သမိုင်းကြောင်းများကို မှန်မှန်ကန်ကန်သိရှိရန်အတွက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည့် အခိုင်အမာဆုံးအဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများကို ယနေ့အချိန်အထိ တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေရကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲအသင့်ဖြစ်နေစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့အသင့်ဖြစ်နေရန်အတွက် မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လေ့ကျင့်ရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေရန်နှင့် မိမိတို့ကိုယ်စီထမ်းဆောင်နေရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် မိမိကိုယ်တိုင်၊ တပ်မတော်နှင့် နိုင်ငံတော်အတွက် အကျိုးရှိမည်ဆိုပါက လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ စစ်မှုထမ်းဟောင်းအိမ်ရာသို့ ရောက်ရှိကြပြီး အိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အိမ်ရာတွင်နေထိုင်လျက်ရှိကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့မိ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## မိမိတို့ဒေသကိုချစ်သည့်စိတ်၊ နိုင်ငံကောင်းရာကောင်းကျိုးကို လိုလားသည့်စိတ်များဖြင့် ဒေသနှင့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြစေလို




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများ၊ အသေးစား၊ အငယ်စား နှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းရှင်များနှင့် ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ရှိ မင်းဘူး ဦးသြဘာသခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ နှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး များ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင် များ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား အသီးသီးတင်ပြ

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက မင်းဘူး ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် မှာကြားချက်များအပေါ် လိုက်နာ ဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဓိက သီးနှံများအား ပန်းတိုင်အထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင် အတွင်း ဆန်နှင့် ဆီဖူလုံမှု၊ ဆီထွက် သီးနှံ များအား အထူးဇုန်များအလိုက် စိုက်ပျိုး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ ဝါစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းလျက် ရှိမှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံ သည့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက် နိုင်မှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်း ကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက် ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင် လုပ်ငန်းများဖြင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိ မှု၊ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ မင်းဘူးခရိုင် အတွင်း မြို့နယ်အလိုက် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မင်းဘူး ခရိုင်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ များ၊ ကျောက်မီးသွေးများ ထုတ်လုပ်လျက် ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် က မင်းဘူးခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက် ရှိမှုနှင့် တစ်ဧက ပန်းတိုင်အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ မကွေးတိုင်းဒေသကြီးအတွင်း ဆန်ဖူလုံ မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး အတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ မှုကြောင့် ယခင်ကထက် သီးနှံများ ပိုမို စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိမှု၊ စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်ခြင်းကြောင့် တိုင်းဒေသ ကြီး၏ GDP များ တိုးတက်လျက်ရှိမှု၊ ဝါနှင့် ဆီထွက်သီးနှံအဓိကစိုက်ပျိုးထုတ် လုပ်သည့် တိုင်းဒေသကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေ အနေများနှင့်ပတ်သက်၍ ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

> ☆ **မင်းဘူးဒေသတွင် ပဲနှင့်ဝါကို အဓိကထားစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး ဆန်ဖူလုံမှုရှိသည့် ဒေသလည်းဖြစ်၊ ပန်းတိုင် ရည်မှန်းချက်အတိုင်းထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည် ဆိုပါက ယခုထက်ပိုမိုအကျိုးဖြစ်ထွန်းစေမည်**

ယင်းနောက် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများ က မင်းဘူးမြို့နယ် ကောင်းသာရွေး ကျေးရွာရှိ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)၌ စာသင်ဆောင်များ လိုအပ် လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများလုံလောက်စွာ ရရှိရေး နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

### တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးလှမိုး နှင့် ဦးခင်မောင်ရီတို့က နိုင်ငံတော်တစ်ဝှမ်း တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုရှိစေရေး အတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်း မှန်ကန်ရေးနှင့် အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မူးယစ်ဆေးဝါး တားဆီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်း များ ဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်း လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစား တိုက်ဖျက်မှုလုပ်ငန်းများ ဆောင်ရွက် လျက်ရှိမှုနှင့် တရားမဝင် ပြည်ပနိုင်ငံသား များအား သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည် လွှဲပြောင်းပေးလျက်ရှိမှု၊ နိုင်ငံတော်အစိုးရ အနေဖြင့်အွန်လိုင်းလိမ်လည်လောင်းကစား မှုများကို အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ အမြစ်ပြတ်ချေမှုန်းလျက်ရှိသဖြင့် ပြည်သူလူထုများမှလည်း ဝိုင်းဝန်းပူးပေါင်း ပါဝင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ စိုက်ပျိုးရေ လိုအပ်ချက်ပြည့်မီစေရေး အတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် နိုင်ငံတော်က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ချိတ်ဆက် ဆောင်ရွက်သွားကြစေလိုမှု၊ တင်ပြချက်များတွင် ပါဝင်သည့် စိုက်ပျိုးရေ လိုအပ်ချက်ရှိသည့် ကျေးရွာများ၌ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မြေအောက်ရေထုတ်ယူရရှိနိုင်ရေး လိုအပ် သည့် သုတေသနပြုတွက်ချက်မှုများကို ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မကွေးတိုင်းဒေသကြီးနှင့် မင်းဘူးခရိုင်တို့ အတွင်း နှစ်အလိုက် သစ်တောဖုံးလွှမ်းမှု အခြေအနေများအပေါ် စိစစ်တွေ့ရှိချက် များ၊ နိုင်ငံတစ်ဝန်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိမှု နှင့် ဒေသခံများ အနေဖြင့်လည်း ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်မှု တို့နှင့် ပတ်သက်၍ အသီးသီးဆွေးနွေး တင်ပြကြသည်။

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေး၍ ဒေသဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌက မင်းဘူးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မင်းဘူးဒေသ တွင် ပဲနှင့်ဝါကို အဓိကထားစိုက်ပျိုးကြသည် ကိုတွေ့ရှိရပြီး ဆန်ဖူလုံမှုရှိသည့်ဒေသလည်း ဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည် ဆိုပါက ယခုထက် ပိုမိုအကျိုးဖြစ်ထွန်းစေ မည်ဖြစ်ကြောင်း၊ မင်းဘူးခရိုင်တစ်ခုတည်း အနေဖြင့် စိုက်ပျိုးသီးနှံများ ပန်းတိုင် ရည်မှန်းချက် မပြည့်မီခြင်းကြောင့် ဝင်ငွေ လျော့နည်းမှုမှာ ၅၀၀ ဘီလီယံ ကျော်ခန့်ရှိ ကြောင်း၊ ထို့ကြောင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသ၏ စီးပွားရေးကို များစွာပြောင်းလဲသွားစေ နိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ယခုဒေသတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဝါများစိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင် ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်သွား ရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတွင် ဝါစိုက်ပျိုး မှု ဧက ၅ သိန်းခန့်ရှိပြီး ဝါအထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင် မည်ဆိုပါက ပြည်တွင်း ချည်ချောထုတ်လုပ် မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင် မည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ❖

❖ စာမျက်နှာ ၄ မှ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မင်းဘူးခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချက်အလက်များအား တင်ပြဆောင်ရွက်ရာ၌ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများ ထွက်ရှိမှုမှာ ကိန်းဂဏန်းအချက်အလက်များအရ ကွာခြားချက်များရှိနေကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ၊ စာရင်းဇယားများ မှန်ကန်စွာသိရှိနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလေ့လာဆန်းစစ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စာရင်းဇယားကောက်ယူသူများအနေဖြင့်လည်း မှန်ကန်သည့် စာရင်းဇယားများရရှိနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး အမှန်တကယ်အလုပ်လုပ်ကြရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း။

တစ်ဧက ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိစေရေး မိမိတို့အနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်းလိုအပ်ချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် လက်တွေ့မြေပြင်၌ စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်နေကြသူများကို ကွင်းဆင်း၍ လိုအပ်ချက်များကို သုတေသနပြု မေးမြန်းခဲ့ကြောင်း၊ ထိုသို့ မေးမြန်းရာတွင် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အခြေခံကျသောအချက်၊ ဖြည့်ဆည်းပေးရမည့် အချက်များကို ရိုးရှင်းစွာ မေးမြန်းခဲ့ကြောင်း၊ မေးမြန်းချက်များအရ မင်းဘူးဒေသတွင် သီးနှံကိုးမျိုးစိုက်ပျိုးသည်ကို တွေ့ရှိရကြောင်း၊ အားနည်းချက်များတွင် လူများ၏ အားနည်းချက်၊ ငွေကြေးအားနည်းချက် ဟူ၍ရှိကြောင်း၊ မြေပြုပြင်ခြင်းတွင် လိုအပ်သည့်ထွန်ယက်မှုများ လုံလောက်စွာပြုလုပ်ခြင်း၊ ဓာတ်မြေဩဇာများ လိုအပ်မှုရှိပါက သဘာဝမြေဩဇာများ ထည့်သွင်းခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မြေဩဇာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်က စိုက်ပျိုးရေးချေးငွေများကို ထုတ်ချေးပေးထားကြောင်း၊ ကောက်ကွက်များ ပြည့်မီအောင်စိုက်ပျိုးရန်အတွက် လိုအပ်သည့်လူများ မရရှိနိုင်ပါက Feed Seeder များဖြင့် စနစ်တကျအစေ့ချစိုက်ပျိုးခြင်းဖြင့် တစ်ဧကပေါ်ထွက်နှုန်း ပြည့်မီရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မိရိုးဖလာ ဆောင်ရွက်နေခြင်းအစား ခေတ်မီနည်းစနစ်များကိုလည်း လေ့လာကျင့်သုံး၍ အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးရေးလိုအပ်ချက်နှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မင်းဘူးဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ပြောင်းလဲစေရေး မိမိအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များအပေါ် အခြေခံသည့်စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသ၏ လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက်လည်း နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း ဒေသ၏စားရေးလိုအပ်ချက်ကို ပြည့်မီအောင်မွေးမြူထုတ်လုပ်သွားရန်လိုကြောင်း၊ ဒေသအတွင်း မွေးမြူဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးလုပ်ငန်းအပြင် အခြေခံစားကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွား တို့ကိုလည်း အောင်မြင်အောင် မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်အစာလိုအပ်ချက်အတွက်လည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံ၍ လုပ်ဆောင်ရနိုင်မည်ဖြစ်ကြောင်း။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းဘူးမြို့ ခရိုင်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**လူသားအရင်းအမြစ်ကောင်းများ ရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာဖြင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဟူသည့်အတိုင်း အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ဖြစ်ကြောင်း၊ ထို့အတူ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး လူရည်မွန်များလည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့် စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တို့အနေဖြင့်လည်း မိမိတို့ဒေသ၏ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးချသွားကြရန် လိုကြောင်း။

မိမိတို့အနေဖြင့် “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”၊ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ရှိပြီးသား သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်နှင့် သစ်ပင်များ တိုးချဲ့စိုက်ပျိုးကြရန် လိုကြောင်း၊ အပူဒဏ်ကို ကာကွယ်နိုင်ရေးအတွက် ရွာတိုင်းရွာတိုင်း အရိပ်ရပင်များကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များသည် ကမ္ဘာ့အပူဆုံးမြို့များ စာရင်းအတွင်း၌ ပါဝင်သည်ကို တွေ့ရကြောင်း၊ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာတစ်ရွာချင်းစီအလိုက် သစ်တောသစ်ပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ဒေသတွင်းဖြစ်ထွန်းအောင်မြင်ပြီး ကုန်ထုတ်လုပ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်သည့် ဆီးသီးပင်၊ မန်ကျည်းပင်အပါအဝင် အခြားအပင်များကို ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကုန်ကြမ်းပစ္စည်းများသည် အဓိကကျကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက်များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ပညာရည်သင်ကြားခြင်းကိုသာမက သိသင့်သိထိုက်သည့် အသိပညာဗဟုသုတများရရှိစေရေးအတွက် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့သားသမီးများကို စာဖတ်သည့်အလေ့အကျင့်များ မွေးမြူပေးရန်လိုကြောင်း၊ မိမိတို့သားသမီးများ၏ ဘဝတိုးတက်ရေးအတွက် ပညာရည်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပညာရည် မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်း လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ခြင်းပင်ဖြစ်သဖြင့် နိုင်ငံတော်က အလေးပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုနိုင်ရန်အတွက်လည်း နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများကို ဥပဒေနှင့်ပတ်သက်သည့်အသိပညာများ သင်ကြားပေးလျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှသာလျှင် နိုင်ငံအတွင်း သွားလာလုပ်ကိုင်မှုများ

စာမျက်နှာ ၆ သို့ ❖

- **စိုက်ပျိုးရေးလုပ်ငန်းတွင် မိရိုးဖလာဆောင်ရွက်နေခြင်းအစား ခေတ်မီနည်းစနစ်များကိုလည်း လေ့လာကျင့်သုံး၍ အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရန်လို**
- **နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**
- **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော် မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုသည်။

**စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များအား ဂေါပက အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ ပြည်မြို့ ညနေနေဝင်ချိန် ရှုခင်းအား ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းကပ်လှူပူဇော်သည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ရွှေဆံတော် စေတီတော် ဗုဒ္ဓပြတိုက်အတွင်း၌ Pagoda Digital Directory Online Website ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ အွန်လိုင်းတွင်ဖော်ပြရာ၌ ဘုရားများ၏ သမိုင်းအထောက်အထားများ ခိုင်ခိုင်မာမာဖြစ်ရန်လိုကြောင်း၊ ဓာတ်ပုံများကိုလည်း ခေတ်နှင့်လျော်ညီသည့် ဓာတ်ပုံအရည်အသွေးများ ဖြစ်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို စဉ်။

ထို့နောက် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်၌ သွန်းလောင်း ပူဇော်ခဲ့ကြသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် သမိုင်းအထောက်အထားများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ပြည်မြို့ကျက်သရေဆောင် **စာမျက်နှာ ၇ သို့** ☆

---

❖ **စာမျက်နှာ ၅ မှ**

အဆင်ပြေချောမွေ့လာမည် ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

**လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခု ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန် အရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများ မဖြစ်ပေါ်စေရေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်းမပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင်ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် ဒီမိုကရေစီစနစ်အပေါ် လျှောက်လှမ်းခြင်းကို ထောက်ခံခြင်းဖြစ်ပြီး မဲမပေးခြင်းသည် ဒီမိုကရေစီစနစ်အပေါ် လျှောက်လှမ်းမှုကို မထောက်ခံခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မင်းဘူးဒေသအတွင်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မင်းဘူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတွင် နေထိုင်ကြသူများ၊ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဒေသကိုချစ်သည့်စိတ်၊ နိုင်ငံကောင်းရာကောင်းကျိုးကိုလိုလားသည့် စိတ်များဖြင့် ဒေသနှင့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် မင်းဘူးခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



မကွေး-မင်းဘူး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**မင်းဘူးမြို့ ခရိုင်ဘောလုံးအားကစားကွင်း**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ ခရိုင်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အားကစားပွဲများ ကျင်းပပြုလုပ်ချိန်တွင် အားကစားဝါသနာရှင် ပြည်သူများ အဆင်ပြေစွာ ကြည့်ရှုနိုင်ရန်အတွက် ပွဲကြည့်စင် တည်ဆောက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်၊ ရေနုတ်မြောင်း ဆောက်လုပ်ရာတွင်လည်း ရေများစနစ်တကျစွန့်ထုတ်နိုင်ရန်အတွက် မြေအနိမ့်အမြင့်အား တွက်ချက်ဆောင်ရွက်သွားရန်၊ ပြေးလမ်းအား စနစ်တကျ တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် သွားနှင့်ခံတွင်းကုသမှုဌာန၊ ဓာတ်ခွဲခန်းနှင့် ဇီဝဓာတ်ခွဲခန်းတို့အတွင်း လှည့်လည်၍ ပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် အလှူငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက လက်ခံရယူသည်။

**မကွေး-မင်းဘူး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု**

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင်လည်း မင်းဘူးမြို့ ရှုခင်းသာနေရာသို့ ရောက်ရှိကြရာ မကွေး-မင်းဘူး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လမ်းနယ်များနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း စနစ်တကျဖြစ်ရန်လိုပြီး အချို့လမ်းနယ်များ၌ ကျူးကျော်မြေအသုံးချမှုများရှိနေသည့်အတွက် လမ်းမကြီးများဥပဒေနှင့်အညီဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်းများပြုလုပ်ရာတွင်လည်း လမ်းကြောင်းတစ်လျှောက် စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ချက်များ ပြည့်မီစေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



☆ စာမျက်နှာ ၆ မှ

လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး ဌေ့သည် တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုး ပူဇော်ပြီး စေတီတော်ကြီးအတွက် ဘက်စုံ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ ယနေ့ညနေပိုင်းတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပြည်မြို့ ကမ်းနားလမ်းသို့ ရောက်ရှိပြီး ကမ်းနားလမ်းရှိ ခေတ္တရာ ညဈေးတန်း၌ ဒေသရိုးရာအစားအသောက်များ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ် ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ယာဉ်ရပ်နားရန်နေရာများ စနစ်တကျဖြစ်ရန် လိုသည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြည်မြို့ ကမ်းနားလမ်းရှိ ခေတ္တရာ ညဈေးတန်း၌ ဒေသရိုးရာအစားအသောက်များ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ဆွာချောင်းတံတား ရေတိုက်စားကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဆင်သေချောင်း ရေကြီးရေလျှံမှု လျော့ပါးရေးလုပ်ငန်း၊ ဥယျာဉ်တံတား အဝင်ရေလမ်းပိုင်းနှင့် သိုက်ချောင်းတံတား ရေလမ်းပိုင်း သောင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး(အမြန်လမ်း) ဆွာချောင်းတံတား ရေတိုက်စား ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ နေပြည်တော်ကောင်စီနယ်မြေ ဆင်သေချောင်း ရေကြီးရေလျှံမှုလျော့ပါးရေးလုပ်ငန်း၊ ဥယျာဉ်တံတားအဝင်ရေလမ်းပိုင်းနှင့် သိုက်ချောင်းတံတားရေလမ်းပိုင်း သောင်တူးဖော်ခြင်း၊ အထောက်အကူပြုရေလွှဲရေကာများ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆွာချောင်းတံတားစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး**(ယာပုံ)** တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် Steel Basket ရေကာများနှင့် တံတားရေလယ်တိုင်များ အနေအထားအရ ရေလမ်းကြောင်းကောင်းမွန်စေရန်နှင့် ရေရှည်တွင် ချောင်းစီးဆင်းမှုမှန်ကန်စေရေး တိုင်းတာစစ်ဆေးမှုများ ပူးပေါင်းဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



ဆွာချောင်းတံတားသည် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း တောင်တရုတ်ပင်လယ်ပြင်မှ ဝင်ရောက်ခဲ့သော မုန်တိုင်းမိုးများကြောင့် တံတား၏ ရန်ကုန်ဘက်ခြမ်း ကမ်းကပ်ခုံရေတိုက်စားပျက်စီးခဲ့ရပြီး နိုင်ငံတော်ယာယီသမ္မတ၏ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးခရီးစဉ်တွင် "ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးရှိ ဆွာချောင်းတံတားသို့ ရေစီးကြောင်း မှန်ကန်စွာစီးဆင်းစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်" လမ်းညွှန်မှာကြားခဲ့ခြင်းအပေါ် ဆွာချောင်းရေတိုက်စားမှု ကာကွယ်ရန်နှင့် တံတားအဝင် ရေလမ်းကောင်းမွန်စေရန်တို့အတွက် Gabion Box ကျောက်ဖြည့်မြေထိန်းနံရံ အလျားပေ ၁၃၅၀၊ Steel Basket ရေကာအလျား ပေ ၉၀၀ နှင့် သုံးတန်းသွား မျောတိုင်တန်းရေကာ အလျားပေ ၁၅၀ ခြောက်ခုတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၂၄ ခုနှစ်အတွင်း ရာဂီမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ဆင်သေချောင်းတစ်လျှောက်ရှိ ပတ်ဝန်းကျင်ကျေးရွာများနှင့် လမ်း၊ တံတားများ ထိခိုက်ပျက်စီးမှုများစွာ ဖြစ်ပေါ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် နေပြည်တော်ကောင်စီအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည့်ခရီးစဉ် လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဥယျာဉ်တံတား အဝင်ရေလမ်းနှင့် ရေထိန်းရေကာများ တည်ဆောက်ရေးလုပ်ငန်းနေရာသို့ ရောက်ရှိစစ်ဆေးသည်။

ဥယျာဉ်တံတား ရေလမ်းကြောင်းပြုပြင်ရေးစီမံကိန်းသည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆင်သေချောင်းအား ဖြတ်သန်းတည်ဆောက်ထားသောတံတားဖြစ်ပြီး ရာဂီမုန်တိုင်းဒဏ်ကြောင့် ကမ်းပြိုကမ်းစားဖြစ်ပေါ်မှုများကြောင့် တံတားပျက်စီးမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စီမံကိန်းတစ်ခုဖြစ်ပြီး ဆင်သေချောင်းရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှု လျော့ပါးရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ဥယျာဉ်တံတားအဝင်ရေလမ်းနှင့် သိုက်ချောင်းတံတားရေလမ်းကောင်းမွန်ရေးအစီအမံများကို ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ဥယျာဉ်တံတားအဝင်ရေလမ်းပိုင်းတွင် အလျားမီတာ ၃၀၀၀၊ သိုက်ချောင်းတံတားရေလမ်းတွင် အလျား မီတာ ၃၂၅၀ ရှိ သောင်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုမှာ ၂၈ ရာခိုင်နှုန်းရှိပြီဖြစ်ပြီး အထောက်အကူပြု Steel Basket ရေလွှဲရေကာများ တည်ဆောက်ခြင်း အလျားပေ ၈၅၀ ငါးခုနှင့် Steel Basket မြေထိန်းနံရံအလျားပေ ၁၅၀ ငါးခုတို့ကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းပြီးစီးမှုမှာ ၆၇ ရာခိုင်နှုန်းရှိပြီဖြစ်သည်။

ထိုသို့ကြည့်ရှုစဉ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများ အရည်အသွေးပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဆင်သေချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ရေရှည်ဆောင်ရွက်သင့်သောလုပ်ငန်းများ၊ ဥယျာဉ်တံတားနှင့် သိုက်ချောင်းတံတားတို့ ရေရှည်တည်တံ့စေရေး ဌာနကစစ်ဆေးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆင်သေချောင်း၏ သဲနုန်းကျဆင်းမှုအား ရေရှည်တွင်ထိန်းသိမ်းရမည့် လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းအမှတ်စဉ်(၄/၅/၆/၇-၂၀၂၅) သင်တန်းဆင်းပွဲနှင့် ပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲ ဖွဲ့စည်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်မြင့်အောင်က အမှာစကားပြောကြားပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းသားထူးချွန်ဆုရ သင်တန်းသားသင်တန်းသူ ၂၀ အား တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့မှ ပြည်သူများအား အနုပညာရှင်များ ဆက်လက်ဖျော်ဖြေတင်ဆက်

**ကျောက်မဲ ဒီဇင်ဘာ ၂၀**

ပြန်ကြားရေးနှင့်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့နှင့် သီပေါမြို့နယ်တို့သို့သွားရောက်၍ အနုပညာရှင်များက ပြည်သူများအား ဆက်လက်ဖျော်ဖြေတင်ဆက်ကြသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့မှ ပြည်သူများအား အနုပညာရှင်များက ဖျော်ဖြေတင်ဆက်စဉ်။

ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ကျောက်မဲမြို့မှ ထွက်ခွာပြီး သီပေါမြို့သို့ ရောက်ရှိကြရာ မြို့အဝင်မုခ်ဦး၌ ပြည်သူများနှင့် ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး အနုပညာရှင်များနှင့်အတူ အမှတ်တရဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် သီပေါမြို့ မြို့တော်ခန်းမ၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးတွေ့ဆုံပွဲကို ကျင်းပရာ " ရှေ့သို့ ချီမည် ပန်းတိုင်ဆီ" video clip ကို ဦးစွာ ဖွင့်လှစ်ပြသသည်။

ယင်းနောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများနှင့်အတူ ကိုယ်ချင်းစာနားလည်မှုရှိပြီး အေးအတူပူအမျှသတိတရ ရှိနေပါကြောင်း၊ ယခုအခါ ရှမ်းမြောက်ဒေသ သီပေါမြို့သည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါကြောင်း၊ သီပေါမြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မကြာမီဆက်လက်ကျင်းပမည်ဖြစ်ရာ သီပေါမြို့နယ်၏ ပိုမိုကောင်းမွန်သည့် အနာဂတ်ရရှိနိုင်ရန်အတွက် နယ်မြေဒေသကောင်းကျိုး ဖော်ဆောင်ပေးနိုင်မည့် စိတ်တူကိုယ်တူ ဖြစ်နိုင်သူများကို ရွေးချယ်ပြီး ဆန္ဒပြုမဲပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦးက ရှမ်းမြောက်ဒေသရှိ မြို့နယ်များ ပြန်လည် ထိန်းချုပ်နိုင်မှုနှင့် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နေမှု အခြေအနေနှင့် ပြည်သူများအနေဖြင့်လည်း ဆက်လက်ပြီး အားတက်သရော ပူးပေါင်းပါဝင်လိုက်ပါ ဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများ အပန်းပြေပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိစေရန် လာရောက်ဖျော်ဖြေပေးကြသည့် အနုပညာရှင်များအား ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက သီပေါမြို့အတွက် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ MRTV DTH စလောင်းနှင့် ဆက်စပ်ပစ္စည်း အစုံ ၃၀၊ MRTV DVB – T2 Set Top Box အစုံ ၂၀ တို့အား ပေးအပ်လှူဒါန်းရာ သီပေါမြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ယင်းနောက် ဖျော်ဖြေရေး အစီအစဉ်ကို ဆောင်ရွက်ရာ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သံသာမိုးသိမ့်၊ တေးသံရှင် စစ်သွေး၊ ထက်အဥ္ဇလီ၊ ပိုးဖြူဖြူနွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျားရှအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးဇေကရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေ၊ ခတ္တာတို့က သီဆိုဖျော်ဖြေကြပြီး ဒေသခံပြည်သူများကလည်း ပါဝင်သီဆိုကခုန်ကြကာ ပျော်ရွှင်စွာ အားပေးကြသည်။

ဖျော်ဖြေပွဲအပြီးတွင် ရှမ်းမြောက်ဒေသသို့ လာရောက်ဖျော်ဖြေပေးကြသော အနုပညာရှင်များအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် နယ်မြေခံတပ်တို့မှ မိသားစုများ၊ ကျောက်မဲခရိုင်နှင့် သီပေါမြို့နယ် အုပ်ချုပ်ရေးအဖွဲ့တို့က ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီး ပေးအပ်ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်များသည် သီပေါမြို့မဈေးနှင့် ကျောက်မဲမြို့မဈေးတို့သို့ သွားရောက်ကြပြီး ဈေးရောင်း/ဈေးဝယ်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ရာ ဒေသခံပြည်သူများက ပြည်သူချစ်သော အနုပညာရှင်များနှင့်အတူ အမှတ်တရဓာတ်ပုံ ရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် သီပေါမြို့နယ်၊ ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်သို့ သွားရောက်ဖူးမြော်ကြပြီး ဘုရားကြီးအတွက် နဝကမ္မအလှူငွေများ စုပေါင်းလှူဒါန်းကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်မဲမြို့၊ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲတပ်နယ်ရှိ တပ်မတော်သားများ၊ ကျောက်မဲခရိုင်မှ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများအား ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေမှု မစတင်မီ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကျောက်မဲ တပ်နယ်အတွက် ဘုရား ဆင်းတုတော်များနှင့် MRTV DTH စလောင်းအစုံ ၃၀ နှင့် MRTV DVB – T2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရှေ့တန်းရောက် တပ်မတော်သားများ အတွက် ပြန်ကြားရေး ဝန်ကြီးဌာနက လှူဒါန်းသည့် ခေါက်ဆွဲခြောက်၊ ငါးခြောက်ကြော်၊ ငံပြာရည်ချက်၊ လက်ဖက်အကြော်စုံနှင့် ကော်ဖီထုပ်များအပါအဝင် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျောက်မဲ၊ သီပေါနှင့် နောင်ချိုမြို့နယ်များတွင် လှည့်လည် ဖျော်ဖြေခဲ့ကြသော အနုပညာရှင်များ အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ နယ်မြေခံ တပ်နယ်၊ ကျောက်မဲခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြရာ အနုပညာရှင်များက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံကျော် အနုပညာရှင်များနှင့် MRTV မှ အဆိုရှင်များက ဖျော်ဖြေတင်ဆက်ကြရာ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်း ၂၀၀၀ ခန့် တက်ရောက်၍ တပျော်တပါး ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(ချုပ်) နှစ်(၃၀)ပြည့်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နည်းပညာဆိုင်ရာ ပြခန်းများဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း(ချုပ်) နှစ်(၃၀)ပြည့်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နည်းပညာဆိုင်ရာ ပြခန်းများဖွင့်လှစ်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်၌ ကျင်းပသည်။




ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌွေး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ် ဥက္ကဋ္ဌဟောင်း ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက နည်းပညာဆိုင်ရာ ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို Function Hall ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌွေးက အမှာစကား ပြောကြားပြီး ရန်ကုန် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်(တာဝန်) ဒေါက်တာ လှမျိုးထွန်းက "သိပ္ပံနဲ့ နည်းပညာ စာပေများမှတစ်ဆင့် အနာဂတ်အတွက် အင်ဂျင်နီယာသိပ္ပံပညာရှင်များနှင့် အများပြည်သူတို့ ပူးပေါင်း ဆောင်ရွက်ခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာ ဇော်နိုင်နှင့် ရန်ကုန် နည်းပညာတက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာ ခိုင်ဝင်းဖြူက "အင်ဂျင်နီယာ 4.0;AI, စက်ရုပ်နှင့် ဒရုန်း"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဌာနမှူး ဒေါ်ယဉ်ယဉ်မြက "အင်ဂျင်နီယာ လုပ်ငန်းများတွင် အမျိုးသမီးများ အတွက် လုပ်ငန်းခွင် ပတ်ဝန်းကျင်နှင့် ယင်းတို့၏အနေအထား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အင်ဂျင်နီယာမှူးကြီး ဒေါ်ခင်အေးမြင့်က "စွန့်ပစ်ရေဆိုးများကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း" ခေါင်းစဉ်တို့ဖြင့် ဖတ်ကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌက စာတမ်းဖတ်ကြားသူများအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်ကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုနှစ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် နှစ်(၃၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး သိပ္ပံနှင့် အင်ဂျင်နီယာတို့ အတွက် သိကောင်းစရာများနှင့် အထောက်အကူပြုနိုင်မည့် ပြခန်းပေါင်း ၃၆ ခန်း ပါဝင်ပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**ရွေးကောက်ပွဲ ကျင်းပရန်**
**၇ ရက်**
**သာ လိုတော့သည်။**

## ပြင်ဦးလွင်မြို့နယ်အတွင်း မဲရုံများကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပြင်ဦးလွင် ဒီဇင်ဘာ ၂၀

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးသည် ခရိုင်/မြို့နယ် ရွေးကောက်ပွဲ တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးရာတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေး၊ ရွေးကောက်ပွဲ ကျင်းပဆောင်ရွက်မည့်နေ့ရက်တွင် လျှပ်စစ်မီး လုံလောက်စွာရရှိရေးနှင့် အရန်မီးစက်များ ကြိုတင်ပြင်ဆင်ထားရှိရေး၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု စီမံဆောင်ရွက်ထားရှိစေရေးအတွက် လိုက်လံစစ်ဆေးပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ပခုက္ကူမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်

ပခုက္ကူ ဒီဇင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းက မဲရုံများအလိုက် ဆောင်ရွက်ရမည့် တစ်နေ့တာလုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကယ်ရီမောင်

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲရုံများတွင် တာဝန်ယူဆောင်ရွက်ကြမည့် ဆရာ ဆရာမများအား မဲပေးစက်နှင့် မဲရုံလုပ်ငန်းစဉ်များ သရုပ်ပြဇာတ်တိုက်လေ့ကျင့်



မန္တလေး ဒီဇင်ဘာ ၂၀

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲရုံအသီးသီး၌ တာဝန်ယူဆောင်ရွက်ကြမည့် ဆရာ ဆရာမများအား မဲပေးစက်သရုပ်ပြခြင်းနှင့် မဲရုံလုပ်ငန်းစဉ်များ ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ဇာတ်တိုက်လေ့ကျင့်**

အဆိုပါ မဲပေးစက်နှင့် မဲရုံဆိုင်ရာလုပ်ငန်းစဉ်များ သရုပ်ပြဇာတ်တိုက် လေ့ကျင့်မှုကို တိုင်းဒေသကြီးအတွင်းရှိ ဆရာ ဆရာမ စုစုပေါင်း ၄၄၁ ဦးတို့က နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်ကြသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မဲရုံများတွင် တာဝန်ယူဆောင်ရွက်ကြမည့် ဆရာ ဆရာမများ ဖြည့်သွင်းရမည့်ပုံစံများ၊ မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းများ၊ ရွေးကောက်ပွဲကျင်းပမည့်ရက်တွင် လာရောက်ဆန္ဒမဲပေးသူများ စနစ်တကျမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် မဲစာရင်းစစ်ဆေးမှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးဟောပြောပြီး မဲပေးစက်နှင့် မဲရုံဆိုင်ရာ လုပ်ငန်းစဉ်များကို သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

ရွေးကောက်ပွဲ ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ်/ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ မဲစာရင်းစစ်ဆေးရေးအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် မဲရုံလုံခြုံရေးအတွက် တာဝန်ယူမည့်အဖွဲ့များနှင့် လိုအပ်ချက်အားလုံးကို စီမံထားကြောင်း သိရသည်။

မောင်အေးချမ်း



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပတုပ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်ထုတ်ပေးခြင်းကို ဒီဇင်ဘာ ၁၆ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ်ဦးစီးမှူးရုံးမှ လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်မင်းမင်းသန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

ကိုကျော်(သုံးခွ)

## မြန်အောင်မြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ



မြန်အောင် ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိ မြန်အောင်မြို့နယ် သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယမင်းသူက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပရခြင်း၏ ရလဒ်အကျိုးကျေးဇူးများနှင့် အသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့အား အသင်းအမှုဆောင်များက ဖတ်ကြားရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာကြသည့် အသင်းဝင်ကိုယ်စားလှယ်များက အတည်ပြုလက်ခံခဲ့ကြသည်။

ဆက်လက်၍ အသင်းဝင် ကိုယ်စားလှယ်များအား အကျိုးအမြတ်ငွေ ၁၄၁ သိန်းထုတ်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမိုလ်(ပြန်/ဆက်)

# ဆင်ခြင်လုပ်ကိုင်သင့်သည့် အလုပ်သုံးပါး

**စောအောင်မင်း**

လူ့ဘဝ ရပ်တည်ရှင်သန်နေထိုင်နိုင်ဖို့ လူတိုင်းက အလုပ်တွေကို မဖြစ်မနေလုပ်ကိုင်နေကြပါတယ်။ အလုပ်တွေကို ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ အလုပ်သုံးမျိုးနဲ့ လုပ်ကိုင်ကြပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ အလုပ်သုံးပါးမှာ စိတ်နဲ့ ကြံစည်တွေးတောမှု (မနောကံ)က အရင်ဆုံး တွေးတောတယ်၊ စဉ်းစားတယ်၊ ကြံစည်တယ်။ အဲဒီနောက်မှ နှုတ်ဖြင့်ပြောဆိုမှု (ဝစီကံ)က လုပ်မယ့် အလုပ်တွေအကြောင်းကို ပြောပါတယ်။ နောက်ဆုံး ကိုယ်ဖြင့်ပြုလုပ်မှု (ကာယကံ) က အလုပ်တွေကို လုပ်ကိုင်ပါတယ်။

အသိဉာဏ်အရှိဆုံးနဲ့ အသိဉာဏ်ကို အသုံးချတတ်ဆုံး လူသားတွေက အသက်ရှင်ရပ်တည်နိုင်ဖို့ အပြင် အသက်ရှည်ဖို့၊ စားဝတ်နေရေး အဆင်ပြေပြေနဲ့ ကြီးပွားချမ်းသာဖို့အတွက် အသိဉာဏ်တွေကို အသုံးချပြီး အလုပ်တွေလုပ်ကိုင်ကြပါတယ်။ ဒီလို လုပ်ကိုင်ကြတဲ့အခါ မနောကံ၊ ဝစီကံ၊ ကာယကံဆိုတဲ့ အလုပ်သုံးမျိုးကို မဖြစ်မနေ အသုံးပြုလုပ်ကိုင်ကြပါတယ်။

လုပ်တဲ့အလုပ်တိုင်းဟာ ကိုယ်တိုင်ရွေးချယ်မှု၊ ပတ်ဝန်းကျင်ရဲ့ အခြေအနေတွေနဲ့ပေါင်းစပ်ပြီး လုပ်ကိုင်ကြပါတယ်။ အလုပ်တွေပြီးသွားတဲ့အခါမှာ အကောင်းအဆိုး၊ အကျိုးအပြစ်ဆိုတဲ့ရလဒ်တွေ ခံစားရပါတယ်။ ကောင်းတဲ့အလုပ်ကိုလုပ်ရင် ကောင်းကျိုးချမ်းသာတွေကို ခံစားကြရမယ်။ မကောင်းတဲ့အလုပ်တွေကိုလုပ်ရင် ဆိုးကျိုးတွေသာ ခံစားကြရပါမယ်။ ဒါကြောင့် အလုပ်သုံးပါးစလုံးမှာ ကောင်းတဲ့အတွေးအကြံ၊ ပြောဆိုမှုနဲ့ လုပ်ကိုင်မှုတွေကို ဆင်ခြင်ပြီး ရွေးချယ်လုပ်ကိုင်ကြရပါမယ်။

### စိတ်ဖြင့်ကြံစည်တွေးတောမှု

စိတ်ရဲ့သဘောဟာ အင်မတန် ကျယ်ပြန့်ဆန်းကြယ်ပါတယ်။ စိတ်ဆိုတာ အာရုံကိုသိတတ်တဲ့ သဘောတရား၊ သဘောထား၊ စွဲလမ်းချက်လို့ အဓိပ္ပာယ်ရပါတယ်။ စိတ်တစ်ခု ယုတ် ၉၀ လို့လည်း ဆိုပါတယ်။ ကာမစိတ် ၅၄ ပါး၊ ရူပစိတ် ၁၅ ပါး၊ အရူပစိတ် ၁၂ ပါးနဲ့ လောကုတ္တရာစိတ် ၈ ပါး စုစုပေါင်း ၈၉ ပါးရှိပါတယ်။ ၉၀ ပြည့်ဖို့ တစ်ခု ယုတ်လျော့နေတာကြောင့် ယုတ် ၉၀ လို့ဆိုထားခြင်းဖြစ်ပါတယ်။ ကျယ်ပြန့်တဲ့စိတ်ကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲပါတယ်။ လူတစ်ယောက်ရဲ့စိတ်မှာ ဖြစ်ပေါ်လာတဲ့ အတွေးအကြံ၊ တွေးခေါ်မြော်မြင်မှု၊ အတွေးအမြင်တွေဟာ အစပိုင်းမှာ အင်မတန်သေးငယ်တဲ့ မြူမှုန်လေးလိုပါပဲ။ စိတ်ရဲ့တွန်းအားတွေနဲ့ပေါင်းစပ်မိသွားရင် ထုထည်ကြီးမားတဲ့ အစိုင်အခဲကြီးလိုဖြစ်သွားတတ်ပါတယ်။ ဒါကြောင့် မသင့်လျော်တဲ့စိတ်၊ မကောင်းတဲ့စိတ်၊ မကောင်းတဲ့အတွေးအကြံတွေကို သေးငယ်စဉ်ကတည်းက ဖယ်ရှားပစ်နိုင်ဖို့ လိုပါတယ်။

အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် မနောကံဆိုတဲ့စိတ်က အရင်ဆုံးကြံစည်တွေးတောပါတယ်။ အဲဒီနောက် အလုပ်နဲ့ပတ်သက်တာတွေကို ဘာပြောမယ်၊ ဘယ်လိုပြောမယ်ဆိုပြီး ဝစီကံအလုပ်တွေကို လုပ်ပါတယ်။ ပြီးမှ ကာယကံမြောက်အလုပ်တွေကို လုပ်ကိုင်ကြပါတယ်။ ဒါတွေဟာ ပုံသေနည်းတစ်ခုလို လူတိုင်း မလွဲမသွေ လုပ်ကိုင်နေတဲ့အလုပ်တွေဖြစ်ပါတယ်။ စိတ်ဆင်းရဲလိုက်တာ၊ စိတ်ချမ်းသာလိုက်တာ၊ စိတ်ပူလိုက်ရတာ၊ စိတ်အေးသွားပြီ စတဲ့ ခံစားချက်တွေက စိတ်ကနေ ဖြစ်ပေါ်လာပါတယ်။ စိတ်ကောင်းရှိသူ၊ စိတ်ယုတ်မာရှိသူလို့ ခွဲခြားသတ်မှတ်ခံရတာက ကိုယ်တိုင်လုပ်နေကြတဲ့အလုပ်တွေအပေါ်မှာ မူတည်ပါတယ်။ ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်ဆိုတာတွေက စိတ်ကိုအခြေခံလာတာဖြစ်လို့ မနောကံဆိုတဲ့စိတ်ဟာ အင်မတန်အရေးကြီးပါတယ်။

အလင်းရောင်ရဲ့ ပြေးနှုန်းဟာ အလွန်မြန်လွန်းတာမို့ ပြေးနေတယ်လို့တောင် မထင်ကြပါဘူး။ စိတ်ရဲ့အလျဉ်က အလင်းရောင်ရဲ့ ပြေးနှုန်းထက် ပိုပြီး မြန်ဆန်တယ်လို့ ဆိုကြပါတယ်။ လူက တစ်နေရာမှာထိုင်နေပေမယ့် စိတ်နဲ့လုပ်ချင်တဲ့ အလုပ်တွေကို လုပ်လို့ရပါတယ်။ ခရီးတစ်ခုကိုသွားရင် လူ၊ ငွေကြေး၊ အချိန်တွေ ရင်းနှီးပြီးမှ သွားလို့ရပေမယ့် စိတ်နဲ့သွားကြည့်လိုက်တဲ့အခါ ငွေကြေးအကုန်အကျမရှိဘဲ သွားချင်တဲ့နေရာကို စက္ကန့်ပိုင်းအတွင်းမှာ ရောက်သွားပါတယ်။ ဒါကြောင့် အင်မတန်မြန်ဆန်တဲ့စိတ်ကို ထိန်းချုပ်ကွပ်ကဲနိုင်ဖို့လိုပါတယ်။ စိတ်ကို မထိန်းချုပ်နိုင်ရင် ကောင်းကျိုးထက် ဆိုးကျိုးတွေကို ခံစားရတတ်ပါတယ်။

### နှုတ်ဖြင့်ပြောဆိုမှု

လူမှုဆက်ဆံရေးနယ်ပယ်မှာ စကားအပြောအဆိုဟာ အင်မတန်အရေးကြီးပါတယ်။ စကားပြောသူရဲ့ အရည်အချင်း၊ တန်ဖိုးနဲ့ ဂုဏ်သိက္ခာတွေဟာ ပြောသူရဲ့စကားတွေထဲမှာ ဖော်ပြနေပါတယ်။ တစ်ခါတစ်ရံ မစဉ်းစားမဆင်ခြင်ဘဲ ပြောလိုက်တဲ့ စကားတစ်ခွန်းဟာ မချိန်ရွယ်ဘဲ ပစ်လိုက်တဲ့ မြားတစ်စင်းလို ဦးတည်ပစ်မှတ်ကို မရောက်နိုင်ပါ။ ဒါကြောင့် စကားတစ်ခွန်းပြောမယ်ဆိုရင် မပြောခင်က စဉ်းစား၊ ပြောနေတုန်းစဉ်းစား၊ ပြောပြီးရင်လည်း ပြန်စဉ်းစားဖို့လိုပါတယ်။

စကားဆိုတာ အနက်အဓိပ္ပာယ်ရှိသော နှုတ်မြွက်သံ၊ ပြောဆိုချက်၊ ဆိုရိုးစကား၊ ဘာသာစကားလို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ နှုတ်က ဖွင့်ဟပြောဆိုလိုက်တဲ့ စကားတစ်ခွန်းဟာ ကောင်းကျိုးတွေရနိုင်သလို ဆိုးကျိုးတွေလည်း သက်ရောက်သွားနိုင်ပါတယ်။ ချစ်ခြင်း၊ မုန်းခြင်းတွေ ဖြစ်ပေါ်သွားနိုင်ပါတယ်။ စကားတစ်ခွန်းက တည်ငြိမ်အေးချမ်းတဲ့ လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်သလို အမုန်းတရားတွေ၊ ရန်လိုမှုတွေ၊ လက်စားချေလိုမှုတွေဖြစ်သွားပြီး ဆိုးရွားတဲ့အခြေအနေကို ရောက်သွားနိုင်ပါတယ်။ တချို့က စကားကို မဆင်ခြင်ဘဲ ပြောတတ်ကြပါတယ်။ ပြောတဲ့စကားတွေထဲမှာ တန်ဖိုးမဲ့တဲ့စကားတွေပြောမိရင် ပြောတဲ့သူရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်ပြီး တစ်ဖက်သားရဲ့ အထင်သေးတာကိုလည်း ခံရတတ်ပါတယ်။

သာမန်လူတွေထက် အရေးပါတဲ့ အကြီးအကဲတွေ၊ ခေါင်းဆောင်တွေ စကားပြောကြရင် ဆိုခဲ့စေ၊ မြဲစေဆိုသလို စကားတစ်ခွန်းဆိုတစ်ခွန်း ရှေ့နောက် ချင့်ချိန်ပြောဆိုကြပါတယ်။ တချို့အကြီးအကဲတွေ၊ ခေါင်းဆောင်တွေ ပြောကြားခဲ့တဲ့စကားတွေဟာ မှတ်သားစရာစကားတွေအဖြစ်နဲ့ သမိုင်းတင်ကျန်ရစ်ပြီး နောင်လာနောက်သားတွေက လိုက်နာကျင့်ကြံရတာမျိုးတွေ ရှိခဲ့ပါတယ်။

ဝစီကံ လေးပါးထဲက ပိသုဏဝါစာဆိုတဲ့ ချောပစ်ကုန်းတိုက်စကားကြောင့် ဒုစရိုက်အပြစ်ဖြစ်ရပုံ သာဓကတစ်ခုကို တင်ပြလိုပါတယ်။ ကဿပဘုရားရှင်လက်ထက်က အင်မတန်ချစ်ခင်ရင်းနှီးတဲ့ မိတ်ဆွေနှစ်ယောက်ဟာ ရဟန်းပြုပြီး အကျင့်သီလ ပြည့်ပြည့်စုံစုံနဲ့ ရွာငယ်တစ်ခုမှာ ညီညီညွတ်ညွတ်နေထိုင်ကြပါတယ်။ တစ်နေ့မှာ အဲဒီနေရာကို ယုတ်မာတဲ့ အာဂန္တုရဟန်းတစ်ပါး ရောက်လာလို့ နေရာပေးခဲ့ပါတယ်။ နှစ်ရက်မြောက်နေ့မှာ ရဟန်းနှစ်ပါးက အာဂန္တုရဟန်းကိုပါ ဆွမ်းခံခေါ်သွားပါတယ်။ ရွာသူ ရွာသားတွေက လှူဖွယ်ပစ္စည်းတွေကို စေတနာထက်ထက်သန်သန်နဲ့ လှူဒါန်းကြတယ်။ အာဂန္တုရဟန်းက ရွာသူရွာသားတွေ သဒ္ဓါတရားကောင်းတာ၊ ကျောင်းသင်္ခမ်းကလည်း စိမ်းလန်းစိုပြည်ပြီး နေချင်စရာဖြစ်နေတော့ လောဘတွေတက်လာပါတယ်။

အဲဒီတော့ ကျောင်းနေရဟန်းနှစ်ပါးကို မသင့်မြတ်အောင် ကုန်းတိုက်စကားတွေပြောပါတယ်။ ရဟန်းနှစ်ပါးဟာ အစပိုင်းမှာ မယုံပေမယ့် ပြောဖန်များလာတဲ့အခါ အချင်းချင်းစကားမပြော၊ အရိုအသေမပြုကြတော့ဘဲ သပိတ်၊ သင်္ကန်းတွေ ယူဆောင်ပြီး တခြားချမ်းသာရာအရပ်ဆီကို ထွက်ခွာသွားကြပါတယ်။ နောက်တော့ ကုန်းတိုက်တဲ့ အာဂန္တုရဟန်းဟာ အမြင်မှန်ရလာပြီး သူတော်ကောင်းရဟန်းနှစ်ပါးကို ခွဲမိလေပြီလို့ နောင်တရခဲ့ပါတယ်။ သူပြုခဲ့တဲ့ကံကြောင့် စိတ်နှလုံးပူပန်မှု၊ နှိပ်စက်မှုတွေနဲ့ နာမကျန်းဖြစ်၊ သေလွန်ပြီးနောက် ကုန်းတိုက်တဲ့ ပိသုဏဝါစာကံကြောင့် အဝီစိငရဲကို ကျခဲ့ပါတယ်။

ဒုစရိုက် ၁၀ ပါးမှာ ဝစီဒုစရိုက်လေးပါး ပါရှိပါတယ်။ အဲဒါတွေကတော့ (၁) မဟုတ်မမှန်တဲ့အရာကို ဟုတ်မှန်တဲ့အနေနဲ့ပြောတဲ့ မုသာဝါဒ။ (၂) ကုန်းတိုက်တာ၊ ချစ်ခင်သူနှစ်ဦးကို ရန်တိုက်ပေးတာ၊ သင့်တင့်ညီညွတ်နေတဲ့ မိတ်ဆွေအချင်းချင်း မသင့်မတင့်ဖြစ်အောင် စိတ်ဝမ်းကွဲအောင်ပြောတဲ့ ပိသုဏဝါစာ။ (၃) ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာပြောဆိုတဲ့ ဖရုသဝါစာနဲ့ ကိုယ်ရောသူတစ်ပါးပါ အကျိုးမရှိတဲ့စကားပြောဆိုတဲ့ သမ္ဖပ္ပလာပဝါစာတွေဟာ တစ်ဖက်သားကို အကျိုးယုတ်စေပါတယ်။ ဒါကြောင့် စကားပြောကြရင် ဝစီဒုစရိုက်တွေကင်းအောင် ပြောဆိုကြဖို့လိုပါတယ်။

### ကိုယ်ဖြင့်ပြုလုပ်မှု

လူတိုင်း ဘယ်အလုပ်ကိုပဲလုပ်လုပ် အကောင်းနဲ့အဆိုး နှစ်မျိုးထဲက တစ်မျိုးကိုသာ ခံစားရပါတယ်။ လုပ်သင့်တာကို လုပ်ကိုလုပ်၊ မလုပ်သင့်တာတွေ မလုပ်မိဖို့ လိုပါတယ်။ လုပ်သင့်တာကိုမလုပ်တာ၊ မလုပ်သင့်တာကို လုပ်တာဟာ ကောင်းကျိုးထက် ဆိုးကျိုးကိုသာဖြစ်စေပါတယ်။ ဒါကြောင့် လုပ်သင့်တာကို ရွေးချယ်လုပ်၊ မလုပ်သင့်တာကို မလုပ်မိအောင် ဆင်ခြင်လုပ်ကိုင်ကြရပါမယ်။

လုပ်ကိုင်တဲ့အလုပ်တိုင်းမှာ မလုပ်ခင်ကတည်းက တိကျမှန်ကန်တဲ့ရည်ရွယ်ချက်နဲ့ လုပ်သင့်ပါတယ်။ တချို့က ရည်ရွယ်ချက်နဲ့ မျှော်လင့်ချက်ကို မှားယွင်းလုပ်ဆောင်နေတတ်ပါတယ်။ ရည်ရွယ်ချက်ဆိုတာ ဦးတည်အာရုံထားပြီး လုပ်တာဖြစ်ပါတယ်။ မျှော်လင့်ချက်ဆိုတာကတော့ ရည်မှန်းစောင့်စားပြီး လုပ်တာဖြစ်ပါတယ်။ မျှော်လင့်ချက်ဆိုတာ တစ်စုံတစ်ယောက်က ပေးနိုးနိုး၊ ရနိုးနိုးနဲ့ စောင့်စားလုပ်ရတာဖြစ်လို့ ကိုယ့်အားကိုယ်ကိုးပြီး ရည်ရွယ်ချက်နဲ့လုပ်တဲ့ အလုပ်ကသာ အကောင်းဆုံးဖြစ်ပါတယ်။

ရည်ရွယ်ချက် ချမှတ်လုပ်ကိုင်ရာမှာလည်း ဘဝနဲ့ ထပ်တူကျမနေရင်တောင် အနီးစပ်ဆုံးရှိဖို့လိုပါတယ်။ ရည်ရွယ်ချက်ဆိုတာ ကိုယ်ရည်မှန်းထားတဲ့ ပန်းတိုင်ဆီကို မရောက်ရောက်အောင်သွားမယ်၊ လုပ်နေတဲ့အလုပ်ကို ပြည့်စုံပြီးမြောက် အောင်မြင်အောင်လုပ်မယ်ဆိုတဲ့ ဦးတည်ချက်ထား လုပ်ကိုင်တာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကို အောင်မြင်အောင် မဖြစ်မနေလုပ်မယ်ဆိုတဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ခွန်အားတွေကိုလည်း စိုက်ထုတ်လုပ်ကိုင်ဖို့လိုပါတယ်။

တချို့က အလုပ်ကို မလုပ်ခင်ကတည်းက စနစ်တကျစီစဉ်ပြီး လုပ်ကိုင်တတ်သလို တချို့က ပြီးတော့လည်း ပြီးသွားတာပါပဲဆိုတဲ့စိတ်နဲ့ ဖြစ်ကတတ်ဆန်း တစ်ပွဲထိုး လုပ်တတ်ကြပါတယ်။ ဒီလုပ်ပုံကိုင်ပုံနှစ်ခုရဲ့ အောင်မြင်မှု၊ မအောင်မြင်မှုဆိုတဲ့အဖြေက အလုပ်ပြီးသွားတဲ့အချိန်မှာ ကွဲကွဲပြားပြားထွက်ပေါ်သွားပါတယ်။ ဘယ်အလုပ်ကိုပဲ လုပ်လုပ် အသေးအဖွဲပါဆိုပြီး ပေါ့ပေါ့တန်တန် မလုပ်ဘဲ အလေးထားလုပ်ကိုင်သင့်ပါတယ်။ အလုပ်လုပ်တဲ့အခါ စနစ်တကျစီမံပြီးမှ လုပ်ကိုင်တာက လုပ်ငန်းအောင်မြင်မှုအကျိုးတွေကို ပိုမိုခံစားရနိုင်ပါတယ်။

တစ်ခါတစ်ရံမှာ အသေးအဖွဲလေးက ကြီးမားတဲ့ပြဿနာတွေ ဖြစ်သွားတတ်ပါတယ်။ အလုပ်ထဲမှာ အလုပ်တွေလုပ်ကိုင်ရင်း ပြဿနာတွေ၊ အခက်အခဲတွေ၊ စိတ်ညစ်စရာတွေ ကြုံတတ်ကြရပါတယ်။ အဲဒီအခါမှာ စိတ်ဓာတ်ကျတတ်ပါတယ်။ ဖြစ်လေ့ဖြစ်ထရှိတာမို့ မညည်းညူပါနဲ့၊ စိတ်ဓာတ်မကျပါနဲ့၊ ပတ်ဝန်းကျင်ကိုအပြစ်မတင်ပါနဲ့။ အခက်အခဲရဲ့ အခြေခံအရင်းအမြစ်ကို တွေ့အောင်ရှာဖွေပြီး ရင်ဆိုင်ဖြေရှင်းရပါမယ်။ ဖြေရှင်းနိုင်ခြင်းက ကာယကံရှင်ရဲ့ အရည်အချင်းဖြစ်ပါတယ်။

အလုပ်တွေမှာ တစ်ယောက်တည်းလုပ်ရတာမျိုးရှိသလို အများနဲ့ ပူးပေါင်းလုပ်ရတာမျိုးတွေ ရှိပါတယ်။

**❝ အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် မနောကံဆိုတဲ့စိတ်က အရင်ဆုံး ကြံစည်တွေးတောပါတယ်။ အဲဒီနောက် အလုပ်နဲ့ပတ်သက်တာတွေကို ဘာပြောမယ်၊ ဘယ်လိုပြောမယ်ဆိုပြီး ဝစီကံအလုပ်တွေကို လုပ်ပါတယ်။ ပြီးမှ ကာယကံမြောက်အလုပ်တွေကို လုပ်ကိုင်ကြပါတယ်။ ဒါတွေဟာ ပုံသေနည်းတစ်ခုလို လူတိုင်း မလွဲမသွေ လုပ်ကိုင်နေတဲ့အလုပ်တွေဖြစ်ပါတယ်။ စိတ်ဆင်းရဲလိုက်တာ၊ စိတ်ချမ်းသာလိုက်တာ၊ စိတ်ပူလိုက်ရတာ၊ စိတ်အေးသွားပြီ စတဲ့ ခံစားချက်တွေက စိတ်ကနေဖြစ်ပေါ်လာပါတယ်။ စိတ်ကောင်းရှိသူ၊ စိတ်ယုတ်မာရှိသူလို့ ခွဲခြားသတ်မှတ်ခံရတာက ကိုယ်တိုင်လုပ်နေကြတဲ့အလုပ်တွေအပေါ်မှာ မူတည်ပါတယ်။ ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်ဆိုတာတွေက စိတ်ကိုအခြေခံလာတာဖြစ်လို့ မနောကံဆိုတဲ့စိတ်ဟာ အင်မတန် အရေးကြီးပါတယ် ❞**

**စာမျက်နှာ ၁၁ သို့ ◆**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာရှိ ဆည်တော်ကြီးရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။



**ဆွေးနွေးမှာကြား**

ဦးစွာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆည်တော်ကြီး ရေလှောင်တမံ ကြံ့ခိုင်မှုအတွက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိမှုနှင့် ပြုပြင်ဆောင်ရွက်သွားမည့် အစီအမံများ၊ တမံအတွင်း ရေသိုလှောင်ထိန်းသိမ်းထားရှိမှု၊ မိုးစပါးအောင်ရေအတွက် ရေပေးဝေခဲ့မှု၊ မန္တလေး၊ မတ္တရာ၊ ပုသိမ်ကြီးနှင့် အမရပူရမြို့နယ်များ အတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးရေပေးဝေရန် လျာထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ထပ်မံစစ်ဆေးရန် လိုအပ်သည့် နေရာများကို အသေးစိတ်စစ်ဆေးရန်၊ စိုက်ပျိုးရေ အပြည့်အဝပြန်လည်ပေးဝေနိုင်ရေးအတွက် ရေပေးတူးမြောင်းများကို စစ်ဆေးပြီး လိုအပ်သည့်ပြုပြင်မှုများ ဆောင်ရွက်ကြရန်၊ ပုံမှန်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်၊ ရေလှောင်တမံနှင့် ရေပိုလွှဲတို့၏ကြံ့ခိုင်ရေးကို Dam Monitoring စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုများကို အမြဲမပြတ် ဆောင်ရွက်ကြရန်၊ စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုအစီအရင်ခံစာပါ Dam Monitoring Report ကို ပုံမှန်တင်ပြရန်နှင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကွန်ကရစ်တမံနှင့် မြေသားတမံ၏ ကြံ့ခိုင်မှု၊ ရေတံခါးကြံ့ခိုင်မှု အခြေအနေများ၊ ရေတံခါး အဖွင့်အပိတ် လုပ်ဆောင်နေမှုနှင့် ကွန်ကရစ်တမံ စစ်ဆေးရေး ဥမင်လိုဏ်ခေါင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုနှင့် ရေအားလျှပ်စစ် ထိန်းချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ရှိသူက ဆည်တော်ကြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စက်ရုံဆိုင်ရာအချက်အလက်များနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများ အလုပ်ခွင်အတွင်း လက်ရှိတာဝန်ထမ်းဆောင်နေမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

အလားတူ ဒုတိယဝန်ကြီးသည် ဆည်တော်ကြီးရေလှောင်တမံမှ ဧက ၁၂,၀၀၀ ကျော် ရေပေးဝေမည့် ဆောင်ရွက်ဆဲ ဆည်တော်ကြီး လက်ယာတူးမြောင်းအသစ်သို့သွားရောက်၍ ဆောင်ရွက်ပြီး ရေထိန်းမျှော်စင်နှင့် ရေထုတ်ပြွန်ကို ကြည့်ရှုစစ်ဆေးပြီး မတ္တရာမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးနှင့် စက်မှုလယ်ယာဦးစီးဌာနရုံးများသို့ သွားရောက်၍ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၁၁) ကြိမ်မြောက် ညီလာခံသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကာတာနိုင်ငံ ဒိုဟာမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၁၁)ကြိမ်မြောက် ညီလာခံသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးတိုးရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။



အဆိုပါညီလာခံသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်မှုအား ပြန်လည်သုံးသပ်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများအတွက် ဦးတည်ချက်များ ချမှတ်ရာတွင် အရေးပါသည့် အပြည်ပြည်ဆိုင်ရာညီလာခံဖြစ်ပြီး ညီလာခံတွင် ကမ္ဘာတစ်ဝန်းရှိ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ စုပေါင်းကာ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ အတွေ့အကြုံများနှင့် အကောင်းဆုံး လုပ်ထုံးလုပ်နည်းများကို အပြန်အလှန်ဖလှယ်ခြင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နည်းဗျူဟာများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**လေ့လာဆည်းပူး**

ကော်မရှင်အဖွဲ့ဝင် ဦးတိုးရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညီလာခံ၏ ဆွေးနွေးပွဲများ၌ တက်ကြွစွာပါဝင်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ၊ လက်ရှိဆောင်ရွက်နေသော မဟာဗျူဟာများနှင့် ရလဒ်များကို မျှဝေတင်ပြခဲ့သည့်အပြင် နိုင်ငံတကာမှ တိုးတက်ပြောင်းလဲလာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ နည်းစနစ်များနှင့် အသိပညာများကို လေ့လာဆည်းပူးနိုင်ခဲ့သည်။

**ပူးပေါင်းဆောင်ရွက်**

မြန်မာကိုယ်စားလှယ်အဖွဲ့၏ ယခုတက်ရောက်မှုသည် နိုင်ငံတော်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့် အညီ ပိုမိုခိုင်မာ အားကောင်းစေရန်အတွက် အခြားနိုင်ငံများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ Grade -5 နှင့် Grade -9 စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်

**အုတ်တွင်း ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အခြေခံပညာဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ မူလတန်းအဆင့် Grade -5 နှင့် အလယ်တန်းအဆင့် Grade -9 စာမေးပွဲဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာ အထက်တန်းကျောင်း (အုတ်တွင်း) ပညာရတနာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူမာနှင့် တောင်ငူခရိုင် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးရဲထွဋ်ကိုတို့က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူးက အခြေခံပညာမူလတန်းအဆင့် Grade -5 နှင့် အလယ်တန်းအဆင့် Grade -9 စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖြစ်သည့်အတွက် စာမေးပွဲနှင့် သက်ဆိုင်သည့် မေးခွန်းများနှင့် အမှတ်ပေးစည်းမျဉ်းများ သိရှိစေရန် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူးနှင့် တိုင်းဒေသကြီး / ခရိုင်အဆင့် နည်းပြသင်တန်း တက်ရောက်ခဲ့သည့် ဘာသာရပ်သင် ဆရာ ဆရာမများက ထပ်ဆင့်ရှင်းလင်းဆွေးနွေး ပေးခဲ့ကြောင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ မူလတန်းGrade -5 နှင့်Grade -9 စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဘာသာရပ်သင် ဆရာ ဆရာမ စုစုပေါင်း ၂၁၃ ဦး တက်ရောက်ခဲ့ကြောင်းနှင့် စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆွေးနွေး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

◆ စာမျက်နှာ ၁၀ မှ

အများနဲ့လုပ်ရတဲ့အလုပ်တွေမှာ ပုဂ္ဂလိကခံစားချက်ကို ရှေ့တန်းမတင်မိဖို့လိုပါတယ်။ ကိုယ်ချင်းစာစိတ်နဲ့ နှစ်ဖက်မျှတအောင် ဆင်ခြင်လုပ်ကိုင်ရပါမယ်။ အကြွေစေ့တစ်စေ့မှာ ခေါင်းနဲ့ ပန်းဆိုတဲ့ နှစ်ဖက်ရှိတယ်။ ကိုယ်က ခေါင်းဘက်ကကြည့်ပြောနေပေမယ့် တစ်ဖက်ကလည်း သူမြင်ရတဲ့ ပန်းဘက်ကအမြင်နဲ့ ပြောမှာပါ။ ဒါကြောင့် ခေါင်းဘက်ရော၊ ပန်းဘက်ရော နှစ်ဖက်မျှတတဲ့ အမြင်နဲ့ကြည့်လိုက်ရင် အမြင်တွေအပေါ် နားလည်မှုတွေရပြီး အဖြေမှန်ကို ရှာတွေ့နိုင်ပါလိမ့်မယ်။ တစ်ဖက်သတ်အမြင်နဲ့လုပ်တဲ့ အလုပ်တိုင်းမှာ အမှားအယွင်းတွေ ဖြစ်တတ်တယ်ဆိုတာ သတိပြုကြရပါမယ်။

နောက်တစ်မျိုးကတော့ ကိုယ့်အတွက် အလုပ်တွေလုပ်တဲ့အခါ တစ်ဖက်သားရဲ့ အကျိုးစီးပွားကို ထိခိုက်စေမယ့် အလုပ်မျိုးတွေကို ရှောင်ကြဉ်ရပါမယ်။ ကိုယ့်အတွက် အကျိုးတွေရပေမယ့် အများစုမှာ ဒုက္ခတွေ၊ သောကတွေ၊ စိုးရိမ်စိတ်တွေ ခံစားရနိုင်တဲ့အလုပ်မျိုးကိုတော့ မလုပ်သင့်ပါ။

လူတိုင်းက အလုပ်လုပ်ကြတာချင်းတူပေမယ့် တစ်ယောက်နဲ့တစ်ယောက်ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ စိုက်ထုတ်မှု၊ အရည်အချင်းတွေအပေါ်မှာအခြေခံပြီး အောင်မြင်မှု၊ မအောင်မြင်မှု၊ ချမ်းသာမှု၊ ဆင်းရဲမှုတွေကွာခြားသွားကြပါတယ်။ တူညီတဲ့အချက်ကတော့ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်တိုင်ဆုံးဖြတ်ပြီးမှ လုပ်ကြတာဖြစ်ပါတယ်။ ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်တွေဟာ ကာယကံရှင်တွေ ကိုယ်တိုင်ရဲ့ ရွေးချယ်မှုသာဖြစ်ပါတယ်။ ကံကောင်းတယ်၊ ကံဆိုးတယ်ဆိုတာက လုပ်ကိုင်သူရဲ့ အရည်အချင်းသာဖြစ်ပါတယ်။

နေ့စဉ်ကိုယ်လုပ်နေတဲ့ အလုပ်သုံးပါးစလုံးဟာ ကောင်းတဲ့အလုပ်လား၊ မကောင်းတဲ့အလုပ်လား ဆိုတာ မလုပ်ခင်ကတည်းက ဆင်ခြင်သုံးသပ်ပြီး ကိုယ့်ကောင်းကျိုးရော၊ အများကောင်းကျိုးပါ ဖြစ်စေမယ့်အလုပ်တွေကိုသာ ရွေးချယ်လုပ်ကိုင်ကြရပါမယ်။ မရပ်မနားလည်ပတ်နေတဲ့ သံသရာခရီးလမ်းတစ်လျှောက်မှာ လက်ရှိဘဝမှာရော အနာဂတ်ကာလအတွက်ပါ ကောင်းဖို့အတွက် ပြုနေကြတဲ့ အလုပ်သုံးပါးကို ညီညွတ်မျှတအောင် ဆင်ခြင်လုပ်ကိုင်နိုင်ခြင်းကသာ အကောင်းဆုံးဖြစ်ပါတယ်လို့ ရေးသားလိုက်ရပါတယ်။ ။

**ကိုးကား**


- **ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
- **မှတ်အပ်၊ မှတ်ရာ မှတ်စုပဒေသာ သုခမှတ်စု (ဆဌမအကြိမ်)၊ (၂၀၁၈ ခုနှစ်)**
- **ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ၏ သူတော်ကောင်းတို့ စိတ်နေသဘောထားတရားတော်**

# နေပြည်တော် ဒီဇင်ဘာလူထုအားကစားလ(တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၆၀၀ ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၃၆၀၀ ကျော် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ခရာမှုတ်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A)ရှေ့အထိ ပျော်ပျော်ပါးပါးလမ်းလျှောက်ကြသည်။



ထို့နောက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက သရုပ်ပြသပေး၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်သူများအား အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောကအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဒီဇင်ဘာလလူထုစုပေါင်းလမ်းလျှောက်ပွဲ (စတုတ္ထပတ်)ကို ဒီဇင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**စစ်တွေ ဒီဇင်ဘာ ၂၀**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ်ဒီဇင်ဘာလကို လူထုအားကစားလ အဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ Physical Fitness Dance များ စုပေါင်းဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ ပါဝင်ဆင်နွှဲကြသည်။

စုပေါင်းလမ်းလျှောက်ပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ စုရပ်မှ စတင်ကာ မေယုလမ်း၊ မင်းဘာကြီးလမ်း၊ ကျောင်းကြီးလမ်း၊ လမ်းမကြီးတြိဂံလမ်းဆုံမှ ကမ်းနားလမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ကြပြီး SS Food CENTRE ရှေ့တွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအစီအစဉ်များကို ပြုလုပ်ကြသည်။

**ပါဝင်ဆင်နွှဲ**

ယနေ့ စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၆၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**





# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ဒီဇင်ဘာအားကစားလ (တတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**ထားဝယ် ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများ၊ အခြေခံပညာကျောင်းပေါင်းစုံမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၈၇၁ ဦး ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက စုပေါင်းလမ်းလျှောက်ပွဲကို တာလွှတ်၍ ဖွင့်လှစ်ပေးပြီး လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများက ရွှေဝယ်သီရိအားကစားကွင်း အတွင်း ဝိုင်းပတ်၍ နှစ်မိုင်ခွဲ စုပေါင်းလမ်းလျှောက်ကြကာ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းကို စုပေါင်းပြုလုပ်ကြသည်။

စုပေါင်းလမ်းလျှောက်ပွဲ အပြီးတွင် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက အုပ်စုများခွဲ၍ လွန်ဆွဲပြိုင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသည့်အသင်းအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့ပြင် လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများကို အာဟာရဖြည့်မုန့်များ ဝေငှပေးကြပြီး ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ နောက်ဆုံးပတ်ကို ဒီဇင်ဘာ ၂၇ ရက် စနေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ဒီဇင်ဘာအားကစားလ(တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်း ဒေသကြီး၌ ဒီဇင်ဘာအားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် နံနက် ၅ နာရီခွဲတွင် သေနတ်ပစ်ဖောက် တာလွှတ်ပေးပြီး ပြည်သူ့ရင်ပြင် ပြည်လမ်းထွက်ပေါက်မှ စတင်တာထွက်၍ အလုံလမ်း – ဦးဝိစာရလမ်းမှ ပြည်သူ့ရင်ပြင်သို့ ပြန်လည်ပန်းဝင်ကာ ပြည်သူ့ရင်ပြင်အတွင်း ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ကြပြီး ပါဝင်ဆင်နွှဲသူများကို နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ထို့နောက် လမ်းလျှောက်ပွဲတွင် ပါဝင်ခဲ့ကြသည့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကင်းပညာရေး ဒီဂရီကောလိပ်၊ သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် ကသာ ပညာရေး ဒီဂရီကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများက လွန်ဆွဲပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အပ်နဖားထိုးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲနှင့် သံပုံးရိုက်ပြိုင်ပွဲများတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

အဆိုပါ ဒီဇင်ဘာအားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများသို့ စုစုပေါင်း ၂၁၃၄ ဦးတို့က ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ဒီဇင်ဘာလူထုအားကစားလ တတိယပတ်စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ



**မော်လမြိုင် ဒီဇင်ဘာ ၂၀**

နှစ်စဉ်ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ အများပြည်သူ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပလျက်ရှိရာ မွန်ပြည်နယ် မော်လမြိုင်မြို့ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မောရဝတီပန်းခြံရှေ့၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသားဖွားသင်တန်းကျောင်း၊ အားကစားနှင့် ကာယသိပ္ပံလေ့ကျင့်ရေးကျောင်း(မော်လမြိုင်)၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အားကစားလိုက်စားသူ ပြည်သူများသည် ပြည်နယ်အစိုးရအဖွဲ့ရုံး မောရဝတီပန်းခြံရှေ့မှ စတင်ထွက်ခွာကြပြီး မော်လမြိုင်မြို့ ဗဟိုလမ်းတစ်လျှောက်၊ ဒိုင်းဝန်ကွင်းလမ်းတစ်လျှောက်နှင့် ရာမညအားကစားကွင်းအတွင်းသို့ စုပေါင်းလမ်းလျှောက်ခြင်းကို တပျော်တပါး ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျန်းမာရေးကို လိုက်စားသည့် ပြည်သူများသည် ရာမညအားကစားကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို အတူတကွ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဘားအံမြို့၌ စုပေါင်းလူထုလမ်းလျှောက်ပွဲ ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကိုယ်လက်လှုပ်ရှားအားကစား ကျန်းမာရေး လေ့ကျင့်ခန်းများဆောင်ရွက်ခြင်းဖြင့် တစ်ဦးတစ်ယောက်ချင်းစီမှသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရေး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလတတိယအပတ် စုပေါင်းလူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ဝန်ကြီးများ အိမ်ရာရှေ့တွင် စုရပ်ထား၍ စုပေါင်းဆင်နွှဲကြသည်။

စုပေါင်းလူထုလမ်းလျှောက်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ရပ်ကွက်နေပြည်သူ ၂၇၀၀ ခန့်တို့သည် စုရပ်မှစတင်၍ သတ်မှတ်လမ်းအတိုင်း ပျော်ရွှင်စွာ စုပေါင်းလမ်းလျှောက်ကြပြီး သီရိကွင်းအတွင်း ပြန်လည်ဝင်ရောက်ကာ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ်များကို ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ Small Goal သွင်းပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ




**ဟိုပုံး ဒီဇင်ဘာ ၂၀**

ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ဒီဇင်ဘာလတတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီးရှေ့မှစတင်၍ ဟိုပုံး-ဆီဆိုင် ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများက တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းလမ်းလျှောက်ကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွဲ(၁)၊ အတွဲ(၂)နှင့် Physical Fitness dance အကများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒီဇင်ဘာလူထုအားကစားလ တတိယပတ်စုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲ



**ပုသိမ် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဒီဇင်ဘာလူထုအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေရုပ်တုအဝိုင်းရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

**စုပေါင်းဆောင်ရွက်**

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ လမ်းလျှောက်ပွဲအား ဖွင့်လှစ်ပေးပြီးနောက် ရွှေရုပ်တုအဝိုင်းရှေ့မှ စတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်းတပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကိုးသိန်းအားကစားကွင်းတွင် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ၊ Physical Fitness Dance များကို အတူတကွ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဒီဇင်ဘာလတတိယပတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၄၀၀၀ ကျော်က တပျော်တပါးပါဝင်ဆင်နွှဲခဲ့ကြပြီး စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား စက်ဘီး၊ ထမင်းပေါင်းအိုး၊ မတ်တပ်ပန်ကာ၊ နာရီကြီး၊ တီရှပ်၊ ဘောလုံး၊ ဘော်လီဘောဘောလုံး၊ ခြင်းလုံးများကို တတိယအကြိမ်အဖြစ် ကံစမ်းမဲဖောက်ပေးခဲ့ကာ မဲပေါက်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြသည်။

အလားတူ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင်လည်း ဒီဇင်ဘာလူထုအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပြီး ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ၊ Physical Fitness Dance များကို အတူတကွ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဇမ္ဗူသီရိမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက်ကိုးနှစ်မှ ၁၂ နှစ်မပြည့်သေးသော မိန်းကလေးငယ်များအား ဒီဇင်ဘာ ၁၇ ရက်က သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး HPV Vaccine Community Based ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေး ထိုးနှံဆောင်ရွက်ပေးရာနေရာသို့ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းပြည်သိမ်း၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက်ကိုးနှစ်မှ ၁၂ နှစ် မပြည့်သေးသော မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံပေးပြီး နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက လာရောက်ကြည့်ရှုအားပေးပြီး လာရောက်ထိုးနှံသော မိန်းကလေးများအတွက် အဝတ်အစားနှင့်အသုံးအဆောင်ပစ္စည်းများ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**နီလာ(ပြန်/ဆက်)**

# တရားမဝင် မီးသွေး၊ သစ်မျိုးစုံ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်မီးသွေးများ တင်ဆောင်သည့်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ဒီဇင်ဘာ ၅ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုးရှစ်လုံးအပါအဝင် ဆက်စပ်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၀၀၀၀ ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ဒီဇင်ဘာ ၅ ရက်တွင် ဥဿျစ်ပင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က နိုဝင်ဘာ ၂၇ ရက်တွင် တိုက်ကြီးမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၇၂၀ တန်၊ အခြားသစ် သုည ဒသမ ၅၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၂၀၄၈)နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် လိုင်စင်ရှိ Toyota Probox တစ်စီး၊ Toyota Townace တစ်စီး၊ Hyundai Porter II တစ်စီး၊ လိုင်စင်မဲ့ Toyota Voxy တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၁၈၄၀၂၀၄၈ ကျပ်ကိုလည်းကောင်း။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ခုနစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၀၊ လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၉၀၃၈၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်၊ ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၁၃၂၄၂၈)ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃ ရက်တွင် ဥတ္တရသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၉ ဒသမ ၀၀၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၁၉၅၁၅၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၀၀၀၀)နှင့် ရွှေဘိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဟုမ္မလင်းမြို့နယ် လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ရွှေဖြူ ၈၉ ကျပ်သား (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၈၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၇၁၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျောက်တံခါးမြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၃ ဒသမ ၃၄၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၈၀၃၃၇၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် သရက်မြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီးနှင့် လိုင်စင်မဲ့ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်မီးသွေး ၄၅ ပေါင်ဝင် ၄၆ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၃၄)နှင့် အဆိုပါမီးသွေးများ တင်ဆောင်လာသည့် Hyundai Porter II တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၀၁၅၃၃၃၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၇၁၈၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်၊ ၄ ရက်၊ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၀၈၃၇၁၂) ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၉၇၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင်ဆေးဝါး ၃၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၀၀၀၀) ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၄၇၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၇ ရက်တွင် မင်းဘူးမြို့နယ် ရွှေရောင်တော်ကျေးရွာအနီး၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ကမာရွတ်ခရိုင်၊ ကျောက်တံတားခရိုင်၊ ဒဂုံမြို့သစ်ခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ မရမ်းကုန်းခရိုင်၊ မင်္ဂလာဒုံခရိုင်၊ သဃ်္ဃန်းကျွန်းခရိုင်၊ သန်လျင်ခရိုင်၊ အလုံခရိုင်နှင့် အင်းစိန်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် ၁၄ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် အစီး ၃၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ဟင်္သာတမြို့နယ်အတွင်း၌ တရားမဝင်သစ်မာ သုည ဒသမ ၂၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် လပွတ္တာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၈ မျိုး၊ လျှပ်စစ်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၈၄၂၉၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၅၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၆၂၅၉၀၀)ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကျောက်တန်းမြို့နယ်၌ ပြည်ပပို့ကုန် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေး



ကျောက်တန်း ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် စားသုံးသူရေးရာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ၂၀၂၅-၂၀၂၆ ခုနှစ် ပြည်ပပို့ကုန် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး တောင်သူပညာပေး သင်တန်းကို ဒီဇင်ဘာ ၁၄ ရက်တွင် ရွှေမော်ဝန်းသာသနာ့ဗိမာန်၌ ဖွင့်လှစ်ပို့ချသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝယ်ယူတင်ပို့ရောင်းချသောကုမ္ပဏီများကိုယ်စား New Golden Gate ကုမ္ပဏီလီမိတက်မှ ဦးခင်မောင်ရီက မြန်မာနိုင်ငံမှ ပဲတီစိမ်းအား ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မှုအခြေအနေ၊ ဈေးကွက်နှင့် ဈေးနှုန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာပညာရှင်များက သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးအတွက် ပညာပေးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားပြီး ပညာပေးစာအုပ်နှင့် စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

# KK Park နယ်မြေ၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီး၊ မြဝတီမြို့အတွင်း တရားမဝင်ပြည်ပနိုင်ငံသားများနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြဝတီမြို့အတွင်း၌လည်း တရားမဝင်ဝင်ရောက်နေထိုင်သူများနှင့် အွန်လိုင်းလောင်းကစား ကျူးလွန်သူများအား ဖမ်းဆီးရမိရေးလုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ ဝန်းကျင်တွင် ရှောင်တခင် စစ်ဆေးခြင်းများ၊ မြဝတီမြို့ အဝင်/အထွက်လမ်းကြောင်း နေရာများနှင့် လမ်းဆုံလမ်းခွနေရာများတွင် ပိတ်ဆို့စစ်ဆေး ရှာဖွေရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် တစ်ထပ်အဆောက်အအုံငါးလုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများ အနက် မြဝတီမြို့ မြေနီကုန်းရပ်ကွက် အနီး လူမနေပိတ်ထားသည့် တည်းခိုခန်းအတွင်း၌ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၅ ဦးကိုလည်းကောင်း၊ ဂိုဒေါင်နှစ်လုံးအတွင်း၌ တရားမဝင် ကုန်ပစ္စည်းများ ဖြစ်သော ကားကြီးတာယာ (ဆိုဒ် TX ၆၀) အလုံး ၂၀၀၊ မိုးကာလိပ်အစိမ်း အလိပ် ၃၀၀၀၊ စက္ကူလိပ်(အကြီး) အလိပ်၂၀၊ Air Fiter ဘူး(အကြီး) အလုံး ၂၀၊ Air Fiter ဘူး(အသေး) အလုံး ၃၀၊ Battery စက်ဘီး ၁၆ စီး၊ ရေစုပ်မော်တာ (၁ ဒသမ ၅ ကောင်) အလုံး ၁၀၀၊ Back Hoe ဘီးခွေ ၂၅ ခု၊ တစ်ရှူးဖာမျိုးစုံ ၃၀၀၀၊ စာရေးကိရိယာမျိုးစုံ ဖာ ၁၀၀၀၊ အလှကုန်ပစ္စည်း အထုပ် ၂၅၀၊ သွပ်ဖာဆီလီကွန် ဖာ ၁၈၀၀၊ စက်ဘီးအစီး ၂၀၊ ကလေးတွန်းလှည်း ၁၅ ခု စုစုပေါင်း တရားမဝင်ကုန်ပစ္စည်း ၁၄ မျိုးကိုလည်းကောင်း သိုလှောင်ထားရှိကြောင်း ဖော်ထုတ်ဖမ်းဆီး ရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိ တရားမဝင်ကုန်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်ပတ်သက်သူများအား ဆက်လက်စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မြဝတီမြို့အတွင်း တရားမဝင်နိုင်ငံခြားသားများ ဖမ်းဆီးရမိမှု။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားသူများအသုံးပြုခဲ့သည့်အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှု။



မြဝတီမြို့အတွင်း တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှု။



## ဂန့်ဂေါမြို့၌ မဲရုံပတ်ဝန်းကျင် မီးဘေးလုံခြုံရေးစစ်ဆေး

**ဂန့်ဂေါ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံဖွင့်လှစ်ဆောင်ရွက်မည့် စည်ပင်သာယာရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ (စည်ပင်သာယာ)နှင့် ပတ်ဝန်းကျင်ရှိ နေအိမ်နှင့် ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ယမန်နေ့က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်း၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးဟန်စိုးစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ရဲနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများနှင့် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း**

## ပခုက္ကူမြို့၌ မဲရုံများမီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

**ပခုက္ကူ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ မဲရုံများ မီးဘေးလုံခြုံမှုရှိစေရေး ယနေ့နံနက် ၁၀ နာရီတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ မဲရုံများ မီးဘေးလုံခြုံစိတ်ချရမှုရှိစေရေး အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းများ စနစ်တကျထားရှိခြင်း၊ အုတ်ရေကန်နှင့် ရေလှောင်ကန်များအား ရေအပြည့်ဖြည့်တင်းခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**





## ဝမ်းတွင်းမြို့နယ်၌ မဲရုံနှင့် မဲရုံပတ်ဝန်းကျင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲရုံနှင့် မဲရုံပတ်ဝန်းကျင် မီးဘေးလုံခြုံရေးကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ယင်းသို့စစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဋ္ဌေးလှိုင်(ဝမ်းတွင်း)**

# မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမ တစ်ဦးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦးအား ရက်စက်စွာလုပ်ကြံသတ်ဖြတ်

နေပြည်တော် ဒီဇင်ဘာ ၂၀

အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG တို့သည် နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် နိုင်ငံတော်က ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာထမ်းဆောင် လျက်ရှိသည့် သစ္စာရှိအစိုးရဝန်ထမ်းများ၊ သာသနာ့အကျိုး သယ်ပိုး ထမ်းဆောင်လျက်ရှိသော ရဟန်းသံဃာများ၊ အေးချမ်းစွာနေထိုင်လျက် ရှိသော အပြစ်မဲ့ဒေသခံပြည်သူများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူလူထုအကြား အကြောက်တရားလွှမ်းမိုးစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် လယ်ကြီးကျေးရွာအုပ်စု လယ်ကြီးကျေးရွာနေ အုပ်ချုပ် ရေးမှူး ဦးလှမင်းကြည်(ဘ)ဦးလှထူးနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ချိုချိုမြင့် (ဘ) ဦးရွှေသောင်းတို့အား လည်းကောင်း၊ မလှိုင်မြို့နယ် မျက်သီးကျင်း (မြောက်)ကျေးရွာနေ ကုန်စုံဆိုင်လုပ်ကိုင်သူ ဒေါ်လှရှင်း (ဘ)ဦးမွေး၊ ဒေါ်ယဉ်ယဉ်အောင် (ဘ)ဦးညွန့်ရွှေနှင့် ဦးမိုးသူ(ခ)တရုတ်ကြီး (ဘ)ဦးညွန့်ရွှေတို့အား လည်းကောင်း၊ မလှိုင်မြို့နယ် ရုံးတောကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမ ဒေါ်အေးအေးခိုင် (ဘ) ဦးကျော်ဝင်းအား လည်းကောင်း ၎င်းတို့နေအိမ်အသီးသီး၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်၍ ယုတ်မာရိုင်းစိုင်းစွာ ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် သားဖွား ဆရာမဖြစ်သူ ဒေါ်အေးအေးခိုင် အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦးတို့သည် ကျည်ထိမှန်ဒဏ်ရာများဖြင့် ၎င်းတို့နေအိမ်အသီးသီး၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်က ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာထမ်းဆောင် လျက်ရှိသည့် သစ္စာရှိအစိုးရဝန်ထမ်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ သတ်ဖြတ်ခဲ့ကြသဖြင့် ဒေသတွင်း လူမှု၊ စီးပွား၊ ကျန်းမာရေးကဏ္ဍများ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်ခဲ့ရပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်ခဲ့ကြသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဒေသခံပြည်သူများက ကန့်ကွက်ရှုံ့ချလျက်ရှိပါကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ PDF အမည်ခံ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ် ရမိရေး လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သော ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦး။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သော အပြစ်မဲ့ ဒေသခံပြည်သူ တစ်ဦး။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သော အပြစ်မဲ့ဒေသခံပြည်သူ တစ်ဦး။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သော အပြစ်မဲ့ဒေသခံပြည်သူ တစ်ဦး။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သော အပြစ်မဲ့ဒေသခံပြည်သူ တစ်ဦး။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDFအမည်ခံ အကြမ်းဖက် သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သော ဒေသခံပြည်သူများ အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမ တစ်ဦး။




## ကျုံပျော်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

ကျုံပျော် ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း၌ မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ကိုယ်ပိုင် ကျောင်းများသို့ ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၉ ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်၍ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်သူရ၊ ဦးစီးအရာရှိ ဦးအောင်စိန်ဘွင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြန်ပြည်သားကောင်း ကိုယ်ပိုင်အထက်တန်း ကျောင်းနှင့် ယောနသံ ကိုယ်ပိုင်အထက်တန်းကျောင်းတို့သို့ သွားရောက် ကာ မီးဘေးလုံခြုံမှုရှိရေး၊ လျှပ်စစ်သွယ်တန်းမှု စနစ်တကျ ရှိ/မရှိ၊ မီးသတ်ဆေးဘူး၊ ရေပုံး၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်နှင့်ရေများ အသင့် ထားရှိရန်နှင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ် ရမည့် ဖုန်းနံပါတ်များ ထားရှိစေရေးတို့ကို အကြံပြု လမ်းညွှန်မှာကြား ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထား သည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေ သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘ ပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန် ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင် ခဲ့သည့် "Htet Aung Victor" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မန်းရပ်ကွက်နေ ထက်အောင် လင်းအား တောင်ငူမြို့နယ် အမှတ်(၂)နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက် ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကုလားဝဲကျေးရွာ၊ ဆေးလုံးကြီး ကျေးရွာနှင့် ဘုရားကုန်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် ဒီဇင်ဘာ ၁၉ ရက်က အသက်(၁၀–၁၈) ကြားနှင့် (၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်ဦးစီးမှူးဦးမိုးသူ၊ မြို့နယ် ဦးစီးမှူး ဦးဇွဲမင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

သန်းဝင်း(သန်လျင်)

## ဂါဇာဒေသခံ ၁ ဒသမ ၆ သန်းခန့် စားရေရိက္ခာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှုများနှင့် ကြုံတွေ့နေရ



ကုလသမဂ္ဂ ဒီဇင်ဘာ ၂၀

ဂါဇာဒေသခံ ၁ ဒသမ ၆ သန်းခန့် စားရေရိက္ခာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှုများနှင့် ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောသည်။ ဂါဇာဒေသခံများ စားသောက်ရန်အတွက် နေ့စဉ်အစားအသောက် ၁ ဒသမ ၅ သန်းကို ဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း ၎င်းက ပြောသည်။ ဒေသခံများအတွက် ရေသန့်များဖြန့်ဖြူးပေးနေပြီး ဆေးကုသရေးစင်တာများကို ပြန်လည်ဖွင့်လှစ်ကာ ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်နေကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ထပ်မံပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရမည်ဖြစ်ကာ နယ်စပ်ဖြတ်ကျော်စခန်းများ ပြန်လည်ဖွင့်လှစ်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဂါဇာရှိပါလက်စတိုင်းဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများ အသက်ဝင်လာစေရေး ဆောင်ရွက်ရမည်ဟု ၎င်းကပြောသည်။

နိုင်ငံတကာဥပဒေအရ ဂါဇာဒေသသို့ ကုလသမဂ္ဂဝန်ထမ်းများ ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ရေး အစ္စရေးက ဆောင်ရွက်ရမည်ဟု ၎င်းက ပြောသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



## သီရိလင်္ကာပါလီမန်က သဘာဝဘေးပြန်လည်ထူထောင်ရေး ထပ်တိုးဘတ်ဂျက် ခွင့်ပြု

ကိုလံဘို ဒီဇင်ဘာ ၂၀

သီရိလင်္ကာပါလီမန်သည် မကြာမီကာလအတွင်းက နိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် သဘာဝဘေးများတွင်ထိခိုက်ခဲ့သည့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ပြန်လည်ထူထောင်ရေးနှင့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးတို့အတွက် ထပ်တိုးဘတ်ဂျက်ခွင့်ပြုငွေအဖြစ် ရူပီးဘီလီယံ ၅၀၀ ကို ဒီဇင်ဘာ ၁၉ ရက်က အတည်ပြုခဲ့ကြောင်း သိရသည်။

မဲပေးခြင်းမပြုလုပ်ဘဲ ၎င်းထပ်တိုး ဘတ်ဂျက်ကို ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ပါလီမန်က ပြောကြားသည်။ နေအိမ်များ ပြန်လည်တည်ထောင်ရေးအစီအစဉ်အရ သဘာဝဘေးထိခိုက်ခံစားခဲ့ရသည့် အိမ်ထောင်စု ၁၇၆၄၈ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ရူပီး ငါးသန်းကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သမ္မတ အနူရာကူမာရာ ဒစ်စနေယကေက ပြောကြားသည်။

ထို့ပြင် လယ်သမားနှင့်စက်မှုလုပ်ငန်းများအပါအဝင် တိရစ္ဆာန်မွေးမြူရေးသမားများကိုလည်း ထောက်ပံ့ငွေများပေးအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ သဘာဝဘေးဒဏ်ခံရသည့် ကျောင်းသားများအတွက်လည်း ရူပီး ၂၅၀၀၀ ကို အစိုးရက ပေးအပ်မည်ဖြစ်သည်။ နိုင်ငံအတွင်း လူမှုစီးပွားဘဝများ ပြန်လည်ထူထောင်ရေးအတွက် အစိုးရအနေဖြင့် ယခုကဲ့သို့ထောက်ပံ့ရေးအစီအစဉ်များကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## အစ္စရေးနှင့်လက်ဘနွန်ဆွေးနွေးပွဲ ကျင်းပ

ဂျေရုဆလင် ဒီဇင်ဘာ ၂၀

အစ္စရေးနှင့် လက်ဘနွန်အကြား ဟဇ်ဘိုလာအဖွဲ့ လက်နက်ဖျက်သိမ်းရေးနှင့် လက်ဘနွန်တောင်ပိုင်းရှိ ဒေသခံများနေရပ်ပြန်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အစ္စရေးအမျိုးသားလုံခြုံရေးကောင်စီ ပြည်ပရေးရာမူဝါဒ တာဝန်ရှိသူ ယိုဆက် ဒရာစင်က အစ္စရေးကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်ပြီး အမေရိကန် နိုင်ငံဆိုင်ရာ လက်ဘနွန် သံအမတ်ဟောင်း ဆိုင်မွန်ကာရန်က လက်ဘနွန်ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်ခဲ့ကြောင်း သိရသည်။

အမေရိကန်၏ စီစဉ်မှုဖြင့် ကျင်းပသည့် ၎င်းဆွေးနွေးပွဲကို လက်ဘနွန်အနောက်တောင်ပိုင်း နေကွာရာမြို့၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ဟဇ်ဘိုလာအဖွဲ့ လက်နက်ဖျက်သိမ်းရေး အပါအဝင် နှစ်နိုင်ငံအကြား စီးပွားရေးစီမံကိန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသတွင် လုံခြုံမှုရှိရေးအတွက် တာဝန်ရှိသူများကြား ဆွေးနွေးခဲ့ကြောင်း အစ္စရေး၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ဘနွန်နိုင်ငံသား နေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်ရောက်ရှိရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများ ရရှိရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန်လိုအပ်ကြောင်း ကာရန်က ပြောကြားခဲ့သည်။ အစ္စရေးနှင့် ဟဇ်ဘိုလာအဖွဲ့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိခဲ့သော်လည်း ဟဇ်ဘိုလာအဖွဲ့အား ချေမှုန်းရန် အကြောင်းပြချက်ဖြင့် အစ္စရေးက လက်ဘနွန်နိုင်ငံအတွင်း တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ယခုလအစောပိုင်းက နေကွာရာမြို့တွင် အစ္စရေးနှင့် လက်ဘနွန်အကြား တိုက်ရိုက်ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

ကိုးကား - ဆင်ဟွာ ဘာသာပြန် - စိုးသူရ

## ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်းနှင့် ဇနီးဖြစ်သူ ဘူရှရာဘီဘီတို့အား အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ် ၁၇ နှစ် ချမှတ်

အစ္စလာမာဘတ် ဒီဇင်ဘာ ၂၀

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်းနှင့် ဇနီးဖြစ်သူ ဘူရှရာဘီဘီတို့အား အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ် ၁၇ နှစ် ချမှတ်ခဲ့ကြောင်း အထူးတရားရုံးက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောသည်။



### ထောင်ဒဏ် ချမှတ်

၂၀၂၁ ခုနှစ်က ဆော်ဒီအစိုးရထံမှ ရရှိခဲ့သည့် နိုင်ငံတော်လက်ဆောင်များကို လိမ်လည်ရယူခဲ့သည်အတွက် ထောင်ဒဏ် ၁၀ နှစ်နှင့် အဂတိလိုက်စားမှုကာကွယ်ရေး အက်ဥပဒေအရ ထောင်ဒဏ်ခုနစ်နှစ် အသီးသီး ချမှတ်ခဲ့သည်။ ထို့ပြင် ငွေဒဏ်အဖြစ် ရူပီး ၁၆ ဒသမ ၄ သန်းကိုလည်း ပေးဆောင်ရမည်ဖြစ်သည်။

ဆော်ဒီမင်းသား တစ်ဦးထံမှ တရားမဝင် နည်းလမ်းဖြင့် လက်ဝတ်ရတနာများကို ရယူခဲ့ကာ ၎င်းလက်ဝတ်ရတနာများ၏ တန်ဖိုးသည် ရူပီး ၇၁ သန်းကျော်ရှိကြောင်း သိရသည်။

အင်မရန်ခန်း၏ အသက်အရွယ်ကြီးမြင့်မှုနှင့် ဘူရှရာဘီဘီသည် မိန်းမသားတစ်ဦး ဖြစ်သည့်အတွက် ယခုကဲ့သို့ လျှော့ပေါ့ပြစ်ဒဏ်ကို ချမှတ်ခြင်းဖြစ်ကြောင်း တရားရုံးက ပြောသည်။

ကိုးကား - ဆင်ဟွာ ဘာသာပြန် - စိုးသူရ

## ဆီးရီးယားရှိ အိုင်အက်စ်အဖွဲ့ဝင်များအား အမေရိကန်က တိုက်ခိုက်

ဒမတ်စကတ် ဒီဇင်ဘာ ၂၀

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆီးရီးယားရှိ အိုင်အက်စ်အကြမ်းဖက်သမားများအား တိုက်ခိုက်မှုများ ထပ်မံဆောင်ရွက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ပီတီဟက်ဂက်က ပြောသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်းက အမေရိကန်တပ်ဖွဲ့များတိုက်ခိုက်ခံရမှုကို လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်အကြမ်းဖက်သမားများနှင့် လက်နက်ထုတ်လုပ်ရာနေရာများကို တိုက်ခိုက်ခဲ့ကြောင်း ၎င်းက ပြောသည်။

မိမိတို့အနေဖြင့် ရန်သူများကို ရှာဖွေသတ်ဖြတ်နိုင်ခဲ့ကြောင်းနှင့် ယခုဆောင်ရွက်ချက်သည် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ ကြေညာချက်တစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ဒီဇင်ဘာ ၁၃ ရက်က ဆီးရီးယားနိုင်ငံတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား သေနတ်သမားတစ်ဦးက တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။ အမေရိကန်နိုင်ငံသားများကို ကာကွယ်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည်ဟု ၎င်းက ပြောသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## မလေးရှားနိုင်ငံ၌ ဆိုလာစွမ်းအင်သုံးစွဲမှုမြှင့်တင်ရေး ဆောင်ရွက်

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၀

မလေးရှားနိုင်ငံတွင် ဆိုလာစွမ်းအင်သုံးစွဲမှုမြှင့်တင်ရေးအတွက် ဆိုလာစွမ်းအင် ကူးပြောင်းမြှင့်တင်ရေးလုပ်ငန်းအစီအစဉ်ကို မလေးရှားအစိုးရက ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အိမ်ခေါင်မိုးများတွင် ဆိုလာစနစ်တပ်ဆင်ရေးကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းဆောင်ရွက်ချက်သည် အမျိုးသားစွမ်းအင်အသွင်ကူးပြောင်းရေးလုပ်ငန်းနှင့် စဉ်ဆက်မပြတ်သည့် အနာဂတ်ကို ဖော်ဆောင်မည့် မလေးရှားနိုင်ငံ၏ သန္နိဋ္ဌာန်နှင့် ထပ်တူကျကြောင်း စွမ်းအင်အသွင်ကူးပြောင်းရေးနှင့် ရေသုံးစွဲမှုမြှင့်တင်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုဆောင်ရွက်ချက်သည် လျှပ်စစ်ဓာတ်အားသုံးစွဲသူများအား အိမ်ခေါင်မိုးများတွင် ဆိုလာစနစ်တပ်ဆင်မှုမြှင့်တင်ခြင်းဖြင့် သန့်ရှင်းသော စွမ်းအင်သုံးစွဲမှုကို မြှင့်တင်စေမည်ဖြစ်ကာ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ကူညီဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောသည်။ အဆိုပါဆောင်ရွက်ချက်သည် ၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လွှတ်နိုင်မှုပမာဏ ၇၀ ရာခိုင်နှုန်းရောက်ရှိရေး နိုင်ငံ၏ရည်မှန်းချက်ကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ဦးညဏ်ဇော်ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ တက်ရောက်

**ထိုင်း ဒီဇင်ဘာ ၂၀**

(၃၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာအမျိုးသားအားကစားကွင်း၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် မြန်မာအားကစားအဖွဲ့မှ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ တာဝန်ရှိသူအကြီးအကဲများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့သည်။

ဦးစွာ အခမ်းအနားအစီစဉ်အရ ကွယ်လွန်သွားသော ဘုရင်မကြီးအား ဂုဏ်ပြုအရိုအသေပြုခြင်း၊ ထိုင်းနိုင်ငံတော်အလံ လွှင့်တင်ခြင်း၊ ဖျော်ဖြေ တင်ဆက်မှုများ၊ အားကစားနည်း ၅၄ မျိုးမှ အားကစားသမားများ ချီတက်ပြသခြင်းများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ



အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ H.E Artthakorn Sirilatthayakorn က အမှာစကားပြောကြားခဲ့ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E Mr. Anutin Charnvirakul က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မမေ့နိုင်ဖွယ်အခိုက်အတန့်များကို ဗီဒီယိုအကျဉ်းချုပ်ပြသခြင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မီးရှူးတိုင်အားမီးငြိမ်းသတ်ခြင်းနှင့် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲများဖက်ဒရေးရှင်းအလံနှင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အလံများအားအလံချခြင်း အခမ်းအနားများပြုလုပ်ခဲ့ပြီးနောက် အရှေ့တောင်အာရှ ဖက်ဒရေးရှင်းအလံအား လွှဲပြောင်းပေးအပ်ခြင်း၊ နောက်လာမည့် အိမ်ရှင်မလေးရှားနိုင်ငံ၏ နိုင်ငံတော်အလံအား လွှင့်တင်ခြင်း အခမ်းအနားနှင့် အိမ်ရှင်မလေးရှားနိုင်ငံ၏ဖျော်ဖြေတင်ဆက်မှုများ၊ ပိတ်ပွဲအထိမ်းအမှတ် ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**★ ကျောဖုံးမှ**

(၃၃)ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၂၀ရက်အထိ ဗန်ကောက်မြို့၊ ချောင်ဘူရီမြို့၊ ချင်းမိုင်မြို့တို့၌ ကျင်းပခဲ့ပြီး အားကစားနည်း ၅၀ မှ ပြိုင်ပွဲအမျိုးအစား ၅၇၆ မျိုး ထည့်သွင်းကျင်းပခဲ့သည်။ ပြိုင်ပွဲအပြီးတွင် အိမ်ရှင် ထိုင်းနိုင်ငံက ရွှေတံဆိပ် ၂၃၃ ခု၊ ငွေတံဆိပ် ၁၅၄ ခု၊ ကြေးတံဆိပ် ၁၁၂ ခုဖြင့် နိုင်ငံအလိုက်ဆုရရှိမှုတွင် ပထမနေရာရရှိခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲ အိမ်ရှင်အဖြစ် ခုနစ်ကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး ၁၉၅၉ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၇၅ ခုနှစ်၊ ၁၉၈၅ ခုနှစ်၊ ၁၉၉၅ ခုနှစ်၊



၂၀၀၇ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် ကျင်းပခြင်းဖြစ်သည်။ ထို့ပြင် ထိုင်းနိုင်ငံအနေဖြင့် ယခုဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၃၃ ခု ဆွတ်ခူးရရှိခဲ့ရာ ပြိုင်ပွဲသမိုင်းတစ်လျှောက် ရွှေတံဆိပ်အများဆုံးရရှိမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – seagames2025**

### (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ (၂၀– ၁၂ – ၂၀၂၅)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ထိုင်း | ၂၃၃ | ၁၅၄ | ၁၁၂ | ၄၉၉ |
| ၂။ | အင်ဒိုနီးရှား | ၉၁ | ၁၁၁ | ၁၃၁ | ၃၃၃ |
| ၃။ | ဗီယက်နမ် | ၈၇ | ၈၁ | ၁၁၀ | ၂၇၈ |
| ၄။ | မလေးရှား | ၅၇ | ၅၇ | ၁၁၇ | ၂၃၁ |
| ၅။ | စင်ကာပူ | ၅၂ | ၆၁ | ၈၉ | ၂၀၂ |
| ၆။ | ဖိလစ်ပိုင် | ၅၀ | ၇၃ | ၁၅၄ | ၂၇၇ |
| ၇။ | မြန်မာ | ၃ | ၂၁ | ၄၉ | ၇၃ |
| ၈။ | လာအို | ၂ | ၉ | ၂၈ | ၃၉ |
| ၉။ | ဘရူနိုင်း | ၁ | ၃ | ၅ | ၉ |
| ၁၀။ | တီမောလက်စ်တေ | ၀ | ၁ | ၇ | ၈ |

မှတ်ချက်။ ကမ္ဘောဒီးယားနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည်။

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုရရှိသူများ၊ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အားကစားအဖွဲ့များ၊ ဒုတိယအုပ်ချုပ်မှု အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် လှေလှော် အားကစားနည်းမှ Rowing ပြိုင်ပွဲ အမျိုးသားတစ်ယောက်လှော် ပင်လယ်ကမ်းခြေ ကမ်းရိုးတန်းလှေလှော် Beach Spring ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသော ဝေယံမိုး၊ အမျိုးသမီး ကိုယ်အလေးချိန်ပေါ့တစ်ယောက်လှော် LW1X ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိသော နီလာဝင်း၊ အမျိုးသား(၁၀)တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပေါင်းစပ် (၂၀)တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသမီး (၁၀)တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသား(၁၀)တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆု လေးဆုရရှိခဲ့သော နဂါးလှေ အားကစားအဖွဲ့၊ လက်ဝှေ့ အားကစားနည်းမှ Women's Fly 50kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိသော မြမိုးသူ၊ Women's Bantam 54kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိသော ထားထားနွယ်၊ Women's Feather 57kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော ဆုမြတ်နိုး၊ Women's Welter 66kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော ကေသွယ်ငြိမ်း၊ Men's Light60kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော နုတ်မာရ်တို့နှင့်အတူ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခဲ့သော အားကစား အဖွဲ့ဝင်များသည် ယနေ့တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်



ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ အားကစားအဖွဲ့နှင့်အတူ မြန်မာအားကစားအဖွဲ့ ဒုတိယ အဖွဲ့ခေါင်းဆောင်များဖြစ်သော အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါလာကြောင်း သိရသည်။ **သတင်းစဉ်**

**✪ မြန်မာအမျိုးသမီးကလပ်မှ**

ဂျာမနီအမျိုးသမီး ကလပ်များတွင် ကစားခဲ့သူဖြစ်သည်။

ရောဝတီ အမျိုးသမီးအသင်းတွင် မြန်မာ့လက်ရွေးစင် ကစားသမားများဖြစ်သည့်စန်းသော်သော်၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦးတို့ ကစားနေပြီး ပထမအကျော့အပြီးတွင် အမှတ်ပေးဇယား ဒုတိယနေရာ၌ ရပ်တည်လျက်ရှိကာ ချန်ပီယံဆုအတွက် လိုအပ်သည့်အင်အားဖြည့်တင်းမှုများ ပြုလုပ်နေခြင်းဖြစ်သည်။ **သတင်း – သော်ကြီး**







**ဓာတ်ပုံ – AWFC**

**❊ (၃၃)ကြိမ်မြောက်မှ**

အပြည်ပြည်ဆိုင်ရာ လှေတွင် ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ နဂါးလှေတွင် ကြေးတံဆိပ် ငါးခု၊ ပိုက်ကျော်ခြင်းအသင်းက ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် လေးခု၊ ဝူရှူးအဖွဲ့က ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခု၊ Teqball အဖွဲ့က ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ ကစ်ဘောင်ဆင်အဖွဲ့က ငွေတံဆိပ် နှစ်ခု၊ ပြေးခုန်ပစ်အဖွဲ့က ငွေတံဆိပ် နှစ်ခု၊ တိုက်ကွမ်ဒိုအဖွဲ့က ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် ငါးခု၊ ဂျူဒိုအဖွဲ့က ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု၊ ကရာတေးအဖွဲ့က ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ ပီတန်းအဖွဲ့က ငွေတံဆိပ် တစ်ခု၊ မွေအဖွဲ့က ကြေးတံဆိပ် ကိုးခု၊ လက်ဝှေ့အဖွဲ့က ကြေးတံဆိပ် ငါးခု၊ နပန်းအဖွဲ့က ကြေးတံဆိပ် သုံးခု၊ ရွက်လှေအဖွဲ့က ကြေးတံဆိပ် နှစ်ခု၊ စစ်တုရင်၊ မြင်းစီးနှင့် အလေးမအဖွဲ့က ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာအားကစားအဖွဲ့ အနေဖြင့် အားကစားနည်း ၁၉ မျိုးတွင် ဆုတံဆိပ် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံအလိုက်ဆုရရှိမှု အဆင့် ၇ နေရာတွင် ရပ်တည်ခဲ့သည်။

**ကိုညီလေး**

# ပညာရေးချဲ့ထွင်ခြင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်

•••••••• အောင်ထက်လင်း(ကြိမ်ချောင်း) ••••••••

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဦးတည်ချက်(၄)ရပ်တွင် **“နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး”** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်ပြီး ပညာရေးကဏ္ဍတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

> **၂၁ ရာစု၏ပညာရေးသည် ယခင်ခေတ်များ၏ ပညာရေးနှင့်မတူဘဲ တတ်သိဖွယ်ရာများနှင့် သင်ယူမှုနယ်ပယ်များ ပိုမိုကျယ်ပြန့်လာသည်။ ပညာရေးသည် သင်ခန်းစာများအား သင်ယူရုံမျှမကတော့ဘဲ နည်းပညာ၊ လူမှုဖွံ့ဖြိုးတိုးတက်မှု၊ ကိုယ်ပိုင်စွမ်းရည်ဖွံ့ဖြိုးမှုတို့နှင့် ချိတ်ဆက်လာသည်။ ယင်းအခြေခံများသည် အသက်အရွယ်မရွေး သင်ယူမှုကို ချဲ့ထွင်ရေးနှင့် စဉ်ဆက်မပြတ် လေ့လာအားထုတ်ရေးအတွက် အခွင့်အလမ်းကောင်းများဖြစ်သည်။ သင်ယူမှုသည် လူ့ဘောင်၏မူလအရင်းအမြစ်ဖြစ်ပြီး သင်ယူမှုကို ချဲ့ထွင်ခြင်းသည် လူ့ဘောင်တစ်ခုလုံးအတွက် အရေးပါသည့်ကိစ္စဖြစ်**

### ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေး လေ့ကျင့်ပျိုးထောင်

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုအလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများသင်ယူနိုင်အောင် မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။ ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးမှာ ဆရာ ဆရာမများ၏ တာဝန်ပင်ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း တိုင်းရင်းသားဆရာ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့ တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

> **ယနေ့ကာလတွင် နည်းပညာဖွံ့ဖြိုးလာမှုသည် သင်ယူမှုကို ချဲ့ထွင်ပေးနိုင်သည့် အရေးပါဆုံး တိုးတက်မှုဖြစ်သည်။ အွန်လိုင်းသင်တန်းများ၊ ဗဟုသုတရရှိစေသည့် ဝက်ဘ်ဆိုက်များ၊ ဉာဏ်ရည်တုနည်းပညာများနှင့် သင်ကြားရေး အက်ပလီကေးရှင်းများသည် သင်ယူမှုကို အထောက်အကူပြုလျက်ရှိသည်။ အင်တာနက်ရှိပါက မည်သည့်နေရာ၊ မည်သည့်အချိန်၌မဆို ပညာသင်ယူနိုင်သည့် အခြေအနေကို ဖန်တီးပေးလျက်ရှိသည်။ သုတေသနရလဒ်များက အသက်အရွယ်သည် အားနည်းချက်မဟုတ်။ သင်ယူလိုစိတ်နှင့်သည်းခံမှုရှိပါက ပညာတတ်ဖြစ်လာနိုင်**

တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ ကျော်နေထိုင်သည့် မြန်မာနိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးသည် အသက်တမျှအရေးကြီးလှသည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ တို့အားလုံးသည် သွေးချင်းညီအစ်ကိုများဖြစ်ပြီး အရေးကြီးလျှင် သွေးနီးကြရမည်ဆိုသည့်စိတ်၊ တောင်ပေါ်မြေပြန့် မခွဲခြား တို့အားလုံးသည် သားချင်းများဖြစ်ကြပြီး နိုင်ငံတော်ကို ပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည်ဆိုသည့်စိတ်၊ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့် မိသားစုများဆိုသည့် စိတ်ဓာတ်များပင်ဖြစ်သည်။

### နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင် ပြုစုပျိုးထောင်

ကျောင်းသား ကျောင်းသူများ၏ အနာဂတ်သည် ဆရာများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင် တည်မှီနေသည်။ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသည့် ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး အနာဂတ်နိုင်ငံတော်အတွက် အားထားရသည့် လူတော်လူကောင်းများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြမည့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင် ယုံကြည်ချက်၊ ခံယူချက်ကောင်းသူများဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရမည်။ နိုင်ငံအတွက်လိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်။ ပြည်ထောင်စုကြီး အစွန်နှံ့ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့်ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရမည်။ ကျောင်းသား ကျောင်းသူများကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်တည်ဆောက်ရေးတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက်တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်းရတနာများ၊ ပညာတတ်သည့်မျိုးဆက်နှင့် တိုးတက်သည့်နိုင်ငံတော်ဖြစ်လာစေရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာမှုနယ်ပယ်တွင် “ပညာလို အိုသည်မရှိ” စကားပုံသည် အတတ်ပညာတစ်ခုခုကို လေ့လာသင်ကြားဆည်းပူးရာ၌ အသက်အရွယ်ကြီးရင့်သည်ဟူ၍ ပိုင်းခြားသတ်မှတ်ခြင်းမရှိကြောင်းကို ဆိုလိုသည်။ ထို့ပြင် “ပညာ”တည်းဟူသော အတတ်ပညာနှင့်တူညီသည့် အရောင်အဝါဟူ၍ မရှိကြောင်းကိုလည်း “ပညာ သမ္မာ အာဘာ နတ္ထိ” ဆိုရိုးစကားဖြင့် ပမာပြုလေ့ရှိသည်။ အောင်မြင်ဖြစ်ထွန်းရန် မဖြစ်နိုင်တော့ဟု ယူဆခံထားရသူက အများအံ့အားသင့်စရာဖြစ်အောင် အောင်မြင်သွားပုံကို ကျည်ပွေ့အတက်ပေါက်သည့်အဖြစ်နှင့် ခိုင်းနှိုင်းဖော်ပြလေ့ရှိသည်။ လူတစ်ဦး၏ အသက်အရွယ်မည်မျှရှိနေသည်ဖြစ်စေ သင်ယူမှုကိုချဲ့ထွင်ခြင်းသည် လူဖြစ်မရှုံးဘဲရှိနေသည်ဆိုသည့် အဓိပ္ပာယ်ကိုဆောင်သည်။

၂၁ ရာစု၏ပညာရေးသည် ယခင်ခေတ်များ၏ ပညာရေးနှင့်မတူဘဲ တတ်သိဖွယ်ရာများနှင့် သင်ယူမှုနယ်ပယ်များ ပိုမိုကျယ်ပြန့်လာသည်။ ပညာရေးသည် သင်ခန်းစာများအား သင်ယူရုံမျှမကတော့ဘဲ နည်းပညာ၊ လူမှုဖွံ့ဖြိုးတိုးတက်မှု၊ ကိုယ်ပိုင်စွမ်းရည်ဖွံ့ဖြိုးမှုတို့နှင့် ချိတ်ဆက်လာသည်။ ယင်းအခြေခံများသည် အသက်အရွယ်မရွေး သင်ယူမှုကိုချဲ့ထွင်ရေးနှင့် စဉ်ဆက်မပြတ် လေ့လာအားထုတ်ရေးအတွက် အခွင့်အလမ်းကောင်းများဖြစ်သည်။ နိုင်ငံတကာတွင်လည်း ယင်းအခြေခံများဖြင့် အသက်အရွယ်ကြီးရင့်မှ အတတ်ပညာတစ်ခုခုကို သင်ကြားတတ်မြောက်ခဲ့သူများ၊ ဘွဲ့ဒီဂရီရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့သူများကို မကြာခဏတွေ့မြင်ကြရမည်ဖြစ်သည်။ သင်ယူမှုသည် လူ့ဘောင်၏ မူလအရင်းအမြစ်ဖြစ်ပြီး သင်ယူမှုကို ချဲ့ထွင်ခြင်းသည် လူ့ဘောင်တစ်ခုလုံးအတွက် အရေးပါသည့်ကိစ္စဖြစ်သည်။ လူတစ်ဦးချင်းအနေဖြင့် သင်ယူမှုကိုအဓိကထားခြင်းသည် မိမိဘဝသာမက လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်စေသည်။ ၂၁ ရာစုသည် သင်ယူမှုနှင့်သင်ကြားမှု၏ပုံစံကို ပြောင်းလဲပေးသည့်ခေတ်ဖြစ်ရာ ပညာရေးသည် ယခင်ကထက် ပိုမိုဖွံ့ဖြိုးအသုံးဝင်သော ကျွမ်းကျင်မှုများကို သင်ယူနိုင်သည်။ သင်ကြားသူနှင့် သင်ယူသူများအတွက် အမြန်ဆုံးချိတ်ဆက်နိုင်သော ဆန်းသစ်မှုနှင့်ပူးပေါင်းမှုကို ဖန်တီးပေးနိုင်သည်။

သင်ယူမှုသည် တက်ကြွမှုရှိစေရုံမျှမက အတွေးအခေါ်များကိုလည်း ပြောင်းလဲသွားစေနိုင်သော အာနိသင်ရှိသည်။ ယနေ့ကာလတွင် နည်းပညာဖွံ့ဖြိုးလာမှုသည် သင်ယူမှုကို ချဲ့ထွင်ပေးနိုင်သည့် အရေးပါဆုံး တိုးတက်မှုဖြစ်သည်။ အွန်လိုင်းသင်တန်းများ၊ ဗဟုသုတရရှိစေသည့် ဝက်ဘ်ဆိုက်များ၊ ဉာဏ်ရည်တုနည်းပညာများနှင့် သင်ကြားရေးအက်ပလီကေးရှင်းများသည် သင်ယူမှုကိုအထောက်အကူပြုလျက်ရှိသည်။ အင်တာနက်ရှိပါက မည်သည့်နေရာ၊ မည်သည့်အချိန်၌မဆို ပညာသင်ယူနိုင်သည့်အခြေအနေကို ဖန်တီးပေးလျက်ရှိသည်။ သုတေသနရလဒ်များက အသက်အရွယ်သည် အားနည်းချက်မဟုတ်။ သင်ယူလိုစိတ်နှင့်သည်းခံမှုရှိပါက ပညာတတ်ဖြစ်လာနိုင်သည်။ မည်သည့်အသက်အရွယ်တွင်မဆို စတင်နိုင်သည်။ တစ်သက်တာသင်ယူမှုသည် မိမိကိုယ်ကိုတန်ဖိုးထားမှုနှင့် တိုးတက်မှုအတွက် အခွင့်အလမ်းတစ်ခုဖြစ်သည်။ အသက်(၄၅)နှစ်နှင့်အထက် သင်ယူသူများသည် စိတ်ကျန်းမာရေးနှင့် လူမှုဆက်ဆံရေးတွင် ပိုမိုကောင်းမွန်လာသည်ဟု ဆိုပါသည်။ သင်ယူမှုကိုချဲ့ထွင်ခြင်းသည် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သည်။

သင်ယူမှုကိုချဲ့ထွင်ခြင်းသည် ပညာတတ်သူဖြစ်ရန်သာမက၊ မိတ်ဆွေသစ်များရရှိကာ မိမိ၏ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်နိုင်စွမ်းရှိသူ၊ တာဝန်သိသူတစ်ဦးဖြစ်ရန်အထိ မျှော်မှန်းနိုင်သည်။ သင်ယူမှုကို ရပ်တန့်လိုက်ခြင်းသည်သာ မိမိဘဝဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရပ်တန့်လိုက်ခြင်းနှင့်တူသောကြောင့် လူတိုင်းအလေးထားသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

■

## ဝမ်းတွင်းမြို့နယ်၌ သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ စစ်တမ်းများကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

ဝမ်းတွင်း ဒီဇင်ဘာ ၂၀

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့်သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ ပန်းတိုင်ရည်မှန်းချက်/အထွက်နှုန်းမကောင်းရခြင်း အကြောင်းရင်းများ မြေပြင်ကွင်းဆင်း စစ်တမ်းများ ကောက်ယူခြင်းကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်သည်။



ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးများ၊ လက်ထောက် ဦးစီးမှူးများနှင့် ဝန်ထမ်းများက မြို့နယ်အတွင်း ကျေးရွာများရှိ စိုက်ပျိုးရေးတောင်သူများအား ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးတို့အား အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြည့်ပြည့်စုံစုံမရခြင်း/မျိုးမကောင်းခြင်း၊ မြေပြုပြင်မှုအားနည်းခြင်း/ မြေပြုပြင်မှုလိုအပ်ခြင်း၊ လိုအပ်သည့်သဘာဝမြေဩဇာ/ ဓာတ်မြေဩဇာပြည့်ပြည့်ဝဝ မထည့်သွင်းနိုင်ခြင်း/ ငွေကြေး မတတ်နိုင်ခြင်း၊ မိုးကောင်းရေသောက် မိုးရေလုံလောက်စွာမရရှိခြင်း/ စိုက်ပျိုးရေလုံလောက်စွာ မရရှိခြင်း၊ အောင်ရေမရရှိခြင်း/မလုံလောက်ခြင်း၊ လုပ်သားအခက်အခဲရှိခြင်း/ ငှားရမ်းခ ဈေးကြီးခြင်း၊ ကောက်ကွက် ပြည့်မီအောင် မစိုက်နိုင်ခြင်း/ ပင်ကြား တန်းကြာအပြည့် မစိုက်နိုင်ခြင်းတို့ကို မြေပြင်ကွင်းဆင်း မေးမြန်း၍ စစ်တမ်း ကောက်ယူခဲ့ကြသည်။

အဆိုပါ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်း စစ်တမ်းများ ကောက်ယူခြင်းလုပ်ငန်းကို မိတ္ထီလာခရိုင်အတွင်း၌ ဝန်ထမ်း ၄၉ ဦးဖြင့် တောင်သူ ၄၉၀၀ အား ကောက်ယူခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ညောင်ရွှေမြို့နယ်၌ ဆောင်းသီးနှံနေကြာစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

တောင်ကြီး ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာရှိ "ပင်မြင့်စံ" ငွေစုငွေချေးသမဝါယမအသင်းလီမိတက်မှ ဆောင်းနေကြာစိုက်ပျိုးမည့်အခြေအနေနှင့် စိုက်ပျိုးထားရှိမှုအခြေအနေများကို ဒီဇင်ဘာ ၁၇ ရက်က တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ညောင်ရွှေမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (သက်တန့်ရောင်စီမံကိန်း) ဆောင်းသီးနှံနေကြာစိုက်ပျိုးရန် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စံငွေစုငွေချေးသမဝါယမအသင်းလီမိတက်မှ ဆောင်းနေကြာရှုရှားမျိုး စိုက်ပျိုးမည့်စိုက်ခင်း မြေယာပြုပြင်ဆောင်ရွက်နေမှုအခြေအနေများနှင့် စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သွင်းအားစု မျိုးကောင်း၊ မျိုးသန့်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## ကလောမြို့နယ်၌ မိုးစပါးအထွက်နှုန်းပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်သည့် ဘုရားပျိုအသင်းအား ဆုများချီးမြှင့်

ကလော ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဟဲဟိုးမြို့ ဘုရားပျိုကျေးရွာ၌ မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးစပါးအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မှု ဒုတိယဆုရရှိသည့် ဘုရားပျိုစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းအား ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။



ထိုသို့ ဆုများပေးအပ်ရာတွင် ကလောမြို့နယ် သမဝါယမအသင်းဦးစီးအရာရှိ ဦးညီညီအောင်နှင့် အသင်းစုဥက္ကဋ္ဌ ဦးခင်ထွန်းနှင့် တာဝန်ရှိသူများက အသင်းအမှုဆောင်များနှင့် အသင်းသားများအား ဒုတိယဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

## ခရမ်းမြို့နယ်၌ ပဲတီစိမ်းစိုက်တောင်သူများအတွက် နည်းပညာပေးသင်တန်းဖွင့်

ခရမ်း ဒီဇင်ဘာ ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ပဲတီစိမ်းစိုက်တောင်သူများအတွက် နည်းပညာပေးသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အားကစားခန်းမ၌ ယမန်နေ့က ဖွင့်လှစ်သည်။



### ကြိုးပမ်းဆောင်ရွက်

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ပဲတီစိမ်းများအား ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှုအခြေအနေများ၊ ဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေများ၊ ပဲတီစိမ်းတင်ပို့ရောင်းချရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာပညာရှင်များက မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအား လိုက်နာဆောင်ရွက်နိုင်ရေး၊ မြေဆီလွှာအာဟာရစီမံခန့်ခွဲခြင်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ ဖျက်ပိုးများအား ဘက်စုံသီးနှံကာကွယ်ရေး နည်းစနစ်များ အသုံးပြု၍ ကာကွယ်နှိမ်နင်းရေး၊ ပိုးသတ်ဆေးများကို လိုအပ်မှသာ စနစ်တကျ အသုံးပြုရေးတို့ကို ဆွေးနွေးပို့ချပြီး တက်ရောက်လာသော တောင်သူ ၂၀၀ အား အသိပညာပေး စာအုပ်စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဒေးဒရဲမြို့နယ်၌ နွေစပါးရာသီ ဘေးကြားတောင်ပျံ လေးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် ရေဆင်းပေါ်ဆန်း စံပြကွက် စိုက်ပျိုး

ဒေးဒရဲ ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ခုနှစ် နွေရာသီသက်တမ်း ဘေးကြားတောင်ပျံလေးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် ရေဆင်းပေါ်ဆန်း (၁) စိုက်ခင်းစံပြကွက်စိုက်ပျိုးပြသခြင်းအား ယမန်နေ့နံနက်ပိုင်းက ရှမ်းစုကျေးရွာရှိ တောင်သူ ဦးကျော်ဝင်းသန်း၏ လယ်မြေတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ဒေသမျိုးရင်းဖြစ်ပြီး နွေရာသီနှင့် မိုးရာသီတွင် စိုက်ပျိုးနိုင်သည့် ဘေးကြားတောင်ပျံ မျိုးစပါးနှင့် ရေဆင်းပေါ်ဆန်း(၁) စပါးမျိုးစေ့ထုတ်ဧကများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးထုတ်လုပ်၍ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဒေးဒရဲမြို့နယ်တွင် နွေစပါးစိုက်ဧရိယာ ဧက ၇၇၇၃၀၊ ဆောင်းသီးနှံ နေကြာဧက ၈၂၀၀ နှင့် ဆီပဲပုပ်ဧက ၁၀၀ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

## ပြည်မြို့နယ်၌ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းမရရှိရသည့်အကြောင်းများ စစ်တမ်းကောက်ယူ

ပြည် ဒီဇင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်ရည်မှန်းချက်/ အထွက်နှုန်း မကောင်းရခြင်းအကြောင်းရင်းများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စခန်းတာဝန်ခံ လက်ထောက်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ကျေးရွာတာဝန်ကျ ဒုတိယလက်ထောက်ဦးစီးမှူးများက ကျေးရွာများအရောက် တောင်သူများနှင့် တွေ့ဆုံစိစစ်မေးမြန်းစစ်တမ်းကောက်ယူခြင်းကို ဒီဇင်ဘာ ၁၈ ရက်က နတ္တလင်းကျေးရွာနှင့် ဇီးအုပ်ကျေးရွာတို့သို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်နေမှုကို စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုးတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊
မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို
လျှော့သုံးပါ**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ တောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ သင်ခန်းစာဆွေးနွေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



တိုင်းရင်းသားရေးရာ အမှတ်(၁၉)
Ethnic Affairs (နိုဝင်ဘာ၊ ၂၀၂၅)
ထွက်ပြီ



"တရားမျှတသော ရွေးကောက်ပွဲနှင့် ဆယ်နှစ်ပြည့်ငြိမ်းချမ်းရေးမှသည် အနာဂါတ်နိုင်ငံတော်သစ်ဆီသို့"

၂၀၂၅ ခုနှစ် နိုဝင်ဘာလထုတ် တိုင်းရင်းသားရေးရာစာစောင် အမှတ်(၁၉)တွင်

- NCA ဘာလဲ ဘယ်လဲ
- ဆယ်နှစ်ပြည့်ပြီလေ... NCA
- ငြိမ်းချမ်းရေးနှင့် ဓနနယ်
- ၂၁ ရာစုတွင် လိုအပ်သော အခြေခံစွမ်းရည်များနှင့် ကျွမ်းကျင်မှုများ
- အာခါတိုင်းရင်းသားလူမျိုးစုတို့၏ ချစ်စရာဓလေ့များ
- မြို့တိုင်းရင်းသားတို့၏ ဝင့်ကယ (သို့မဟုတ်) ရွာခင်းရိုးရာပွဲတော်
- တိုင်းရင်းသားအခွင့်အရေးနှင့် ပြဋ္ဌာန်းဥပဒေများ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၈၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈

# မအူပင်တက္ကသိုလ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မအူပင် ဒီဇင်ဘာ ၂၀**

ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနနှင့်မအူပင်တက္ကသိုလ်တို့ ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စည်းကမ်းဥပဒေလိုက်နာရေးနှင့် မအူပင်တက္ကသိုလ် သန့်ရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်တက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနီနီဦးက အမှာစကားပြောကြားပြီး မအူပင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒုတိယဦးစီးမှူး ဦးအောင်ပြည့်ကျော်က ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့်ထိန်းသိမ်းခြင်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျောင်းသားကျောင်းသူများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာထင်လင်းလှိုင်က မအူပင်တက္ကသိုလ်သန့်ရှင်းရေး စီမံချက်အတွက် စာပေပြိုင်ပွဲအကြောင်းအရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# ဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်၊ ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၀ ရက်က ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၄)လမ်းမကို ရှစ်လမ်းသွားလမ်းမကြီးအဖြစ် လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသောဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုနှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အနော်ရထာလမ်းမှရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်လမ်း အဝိုင်းအထိ ရောဝတီလမ်းတစ်လျှောက် ရှုပ်ထွေးနေသည့် ဆက်သွယ်ရေးဖိုင်ဘာ ကေဘယ်လ်ကြိုးများ ဖြုတ်သိမ်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၀/၆)ရှိအမှတ်(၄)လမ်းမ အဆင့်မြှင့်တင်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လမ်းတိုးချဲ့ဆောင်ရွက်မည့် အခြေအနေများ၊ ဓာတ်အားလိုင်းတိုင်များ ရွှေ့ပြောင်းတည်ဆောက်ရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ရွှေပြည်သာမြို့နယ် ဒညင်းကုန်းလမ်းဆုံ မီးရထားသံလမ်းအနီးရှိ ၆၆ ကေဗွီ လှော်ကား-ရွာမသံမဏိဓာတ်အားလိုင်းတိုင်များ ပြောင်းရွှေ့တည်ဆောက်ရမည့် အခြေအနေ၊ အမှတ်(၄) လမ်းမတစ်လျှောက် ၃၃ ကေဗွီ ၊ ၁၁ ကေဗွီဓာတ်အားလိုင်းတိုင်များဖြုတ်သိမ်းပြီးစီးနေမှု၊ လှော်ကားတာဆုံမှ လိပ်ပုတ်ချောင်းအထိ ၁၈ မီတာ ကွန်ကရစ်တိုင်များတွင် ၁၁ ကေဗွီ လှော်ကားဖီဒါဓာတ်အားလိုင်းပြန်လည်ဆွဲသားပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**



# ကျိုက်ထိုမြို့နယ်၌ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်နေသည့် ကော့ထင်းကျေးရွာ ကံနီပိုင်းလမ်း(ဒုတိယပိုင်း)ကတ္တရာခင်းခြင်းနှင့် လေးပေ Box Culuvert တစ်စင်း ဆောင်ရွက်ခြင်းလုပ်ငန်း ပြီးစီးမှုအား ကျိုက်ထိုခရိုင် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။



**ရာနှုန်းပြည့်ပြီးစီး**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျိုက်ထိုမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အနေဖြင့် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေ ၇ ဒသမ ၃၆၃ သန်းဖြင့် ကော့ထင်းကျေးရွာ ကံနီပိုင်းရှိ လေးပေ Box Culvert တစ်စင်း ဆောက်လုပ်ခြင်းကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်တွင် ပြီးစီးကြောင်းနှင့် ရန်ပုံငွေ ၁၆၂ ဒသမ ၅၃၃ သန်းဖြင့် ကံနီပိုင်းလမ်း (ဒုတိယပိုင်း) ၂၆၆၅ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် စတင်ဆောင်ရွက်ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးမှသည် အမျိုးသားအားကစား အဆင့်မြင့်မားရေးဆီသို့"မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်(ဒီဇင်ဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ - အင်္ဂလိပ်ဘာသာစကား) တို့၏ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးမှသည်အမျိုးသားအားကစား အဆင့်မြင့်မားရေးဆီသို့" မျက်နှာဖုံး ဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ပါမောက္ခဦးသိန်းလှိုင်၊ ကိုကျော်စွာ(ကျိုက်ပိ)၊ ကိုကိုအောင်(အလုပ်သမား)တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါး၊ စိုးစိုး(ပန်းတောင်း)၏နိုင်ငံတကာဆိုင်ရာ ဆောင်းပါး၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ လှဲ့လှဲ့ဝင်း(သတ္တဗေဒ)၊ သားကျော်တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ကိုဇော်ငွေး(ယဉ်ကျေးမှု)၏ မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါး၊ နေ၏ လူကုန်ကူးမှုဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်း၏ ကျန်းမာရေးဆိုင်ရာဆောင်းပါး၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ ရဲထက်ဇော်၊ ကြည်လွင်ဦး(ရေနံ)၊ မြသာဝင်း၊ ဒေါက်တာကောင်းစံ၊ ထက်ဝေအောင်(စစ်ကိုင်း)၊ မြသိန်း၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေ ကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်စာအုပ်ဆိုင်၊ ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း (၁-၁၂-၂၀၂၅ ရက်နေ့မှ ၁၅-၁၂-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th colspan="2" rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="8">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th colspan="3">ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td rowspan="3">၁</td><td colspan="10">နေပြည်တော်</td></tr>
<tr><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td colspan="3">–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="4">၂</td><td colspan="10">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="8">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="8">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="8">ကောင်းမွန်</td></tr>
<tr><td rowspan="4">၃</td><td colspan="10">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td rowspan="5"></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="8">ကောင်းမွန်</td></tr>
<tr><td>၈</td><td>မတ္တရာမြို့နယ်</td><td colspan="8">ကောင်းမွန်</td></tr>
<tr><td rowspan="3">၄</td><td colspan="10">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>မုံရွာမြို့</td><td colspan="3">လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td rowspan="3">၅</td><td colspan="10">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="2">–</td><td colspan="2">ကောင်းမွန်</td><td colspan="3">–</td></tr>
<tr><td>၂</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td rowspan="2">၆</td><td colspan="10">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပဲခူးမြို့</td><td colspan="8">ကောင်းမွန်</td></tr>
<tr><td rowspan="3">၇</td><td colspan="10">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>မကွေးမြို့</td><td colspan="8">ကောင်းမွန်</td></tr>
<tr><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td rowspan="2">၈</td><td colspan="10">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပုသိမ်မြို့</td><td>–</td><td>–</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="3">၉</td><td colspan="10">ကရင်ပြည်နယ်</td></tr>
<tr><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td rowspan="4">၁၀</td><td colspan="10">မွန်ပြည်နယ်</td></tr>
<tr><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="7">ကောင်းမွန်</td></tr>
<tr><td rowspan="5">၁၁</td><td colspan="10">ရှမ်းပြည်နယ်</td></tr>
<tr><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td colspan="3">–</td></tr>
<tr><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td colspan="3">–</td></tr>
<tr><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td colspan="3">–</td></tr>
<tr><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
</table>

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ကယားပြည်နယ် လွိုင်ကော်မြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

လွိုင်ကော် ဒီဇင်ဘာ ၂၀

ကယားပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာငွေဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကယားပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးဆပ်ကော်မတီအတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသူရိန်လင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးလင်းထွဋ်မိုးက သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်သည်။ အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ စာတွေ့ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းအောင်(ပြန်/ဆက်)**



## မြိတ်မြို့၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး

မြိတ် ဒီဇင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ (မြို့နယ်အဆင့်) အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက်တွင် ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ မြိတ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ တာဝန်ရှိသူက ပြန်လည်ရှင်းလင်းဖြေကြားပြီး မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅)နီလာ(၁)လမ်း မြေကွက်အမှတ်(၆၄၅)၊ဧရိယာ(၄၀'×၆၀')ရှိသည့်နှစ်(၆၀)မြေငှားဂရန်အမျိုးအစား ဒေါ်တင်ကြည်(AA-၀၃၈၄၂၉)အမည်ပေါက်မြေကွက်အတွင်းမှ(ခြေရင်းခြမ်း) (၂၀'×၆၀')မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်နှင့်နေအိမ်(ခြေရင်းခြမ်း/ဂရန်မိတ္တူဘက်ခြမ်း)ကို အရောင်းအဝယ်သဘောတူကတိစာချုပ်(အဆက်ဆက်)အရ ဝယ်ယူပိုင်ဆိုင်ထားသူ-ဒေါ်ဥမ္မာလွင်(၁၂/ဥကတ(နိုင်)၁၂၇၉၄၃)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ-ဦးထွန်းထွန်းအောင်(၁၂/ဥကတ(နိုင်)၁၃၃၈၂၈)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါကမြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင်(LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေနှင့် မီးသတ်ကျင့်ဝတ်များ ဆန်းစစ်ခြင်းပြုလုပ်

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်၏ညွှန်ကြားချက်၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်ဖြင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းပဒေနှင့် မီးသတ်ကျင့်ဝတ်များအား တပ်ဖွဲ့ဝင်များ သိရှိလိုက်နာနိုင်စေရန် ဆန်းစစ်စာမေးပွဲကို ယနေ့ နံနက်ပိုင်းတွင် သရက်မြို့နယ် ခရိုင်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။



အဆိုပါ ဆန်းစစ်ခြင်းကို သရက်ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့က အနီးကပ် ကြီးကြပ်ဆောင်ရွက်ခဲ့ရာ သရက်နှင့် အောင်လံခရိုင်များမှ အရာရှိ၊ တပ်ဖွဲ့ဝင် ၁၅ ဦး၊ အကြပ်အဆင့် ၁၅ ဦး၊ တပ်သားအဆင့် ၁၅ ဦး စုစုပေါင်း ၄၅ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးဘေးကာကွယ်ရေး လုပ်ငန်းစဉ်များသာမက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းပဒေနှင့် မီးသတ်ကျင့်ဝတ်များအား သိရှိလိုက်နာနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပြီး ဆန်းစစ်ခြင်း စာမေးပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့် တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုခန့်**

**“ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်- ဖ၊ လူနေရပ်ကွက်အမှတ်- ၈ ရပ်ကွက်၊ ဇေတိက(၃)လမ်း၊ ဇေတိကပန်းခြံ၊ ခြံမြေအမှတ်- ၄၀/ခ ဟုခေါ်တွင်သော ဦးမောင်တင် အမည်ပေါက် အိုးအိမ် ပါမစ်အစုံနှင့် ဆက်စပ်စာချုပ်များလက်ဝယ်ရှိ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း။

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်ပြီး ခြံမြေအကျယ် အလျားအနံ (၁၀x၆၀)ပေတို့၏ ခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိ၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးစိုးဝင်း[၆/လလန(နိုင်)၀၄၁၉၇၂]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီရိညီညီ [၁၂/ဒဂတ(နိုင်) ၀၈၉၁၃၉]က စရန်ငွေပေးချေထားပါ၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများယူဆောင်ပြီး ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သီရိညီညီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးစံပယ်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၁၄၈)**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၉၇၄၁၃၃၂၊ ၀၉-၄၂၉၁၃၇၈၄၃**

**ကြော်ငြာစာ**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၈)၊ ဦးပိုင်အမှတ် (၂၃၀+၂၃၁+၂၃၂+၂၅၃/၁)၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်) ၀၀၁၉၃၉]က အမှုတွဲအမှတ် (၄၄၃၉/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**“အများသိစေရန်ကြေညာခြင်း”**

ကျွန်တော် ကိုအောင်ဇာဝင့် [၁၂/ဒလန(နိုင်)၀၃၉၅၃၅]၏ ဇနီးဖြစ်သူ မတင်လပြည့်ဝင်း [၁၂/ဒလန(နိုင်)၀၄၈၂၅၅]သည် ကျွန်တော်မသိရှိဘဲ သူမနှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းများကို ကျွန်တော် တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုအောင်ဇာဝင့်**
**[၁၂/ဒလန (နိုင်) ၀၃၉၅၃၅]**

## အမျိုးသားအဆင့် အိုင်စီတီ စွမ်းရည်ဆုပြိုင်ပွဲ - ၂၀၂၅ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

ပညာရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားအဆင့် အိုင်စီတီ စွမ်းရည်ဆုပြိုင်ပွဲ - ၂၀၂၅ တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ ဗဟိုအဆင့်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိ သီရိရတနာခန်းမ၌ ကျင်းပရာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်၊ ဆရာအဆင့်/ စီမံရေးရာဝန်ထမ်းအဆင့် ပြိုင်ပွဲများသို့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အဖွဲ့ ၅၅ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သည်။



ပညာရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ပူးပေါင်းပြီး ၂၀၀၄ ခုနှစ်မှ စတင်၍ ပညာရေးကဏ္ဍတွင် ICT နည်းပညာများကို အပြည့်အဝ အသုံးချနိုင်စေရန်၊ICT နယ်ပယ်တွင် ထူးချွန်ထက်မြက်သော မြန်မာလူငယ် ပညာရှင်များ ပေါ်ပေါက်လာစေရန်၊ ဆရာ ဆရာမများအနေဖြင့် ICT နည်းပညာ ပိုမိုကျွမ်းကျင်လာစေရန်နှင့် သင်ကြားသင်ယူမှုတွင် ICT အထောက်အကူပြု သင်ခန်းစာများ ဖန်တီးသင်ကြားလာနိုင်စေရန်၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်သော ပညာရှင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၂ ရက်တွင် ဆုချီးမြှင့်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းကို ဒီဇင်ဘာ ၁၉ ရက်တွင် သဲကုန်းမြို့မဈေး၌ ပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ကြံခင်းမြို့ မြို့မဈေးကြီးနှင့် ဘက်ရဲမြို့မဈေး၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

ကြံခင်း ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ မြို့နယ်စည်ပင်သာယာပိုင် မြို့မဈေးကြီးနှင့် ဘက်ရဲမြို့မဈေးတို့တွင် ယမန်နေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသပွဲ ကျင်းပသည်။



ဇာတ်တိုက် လေ့ကျင့်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်ဦးဆောင်မှုဖြင့် အဖွဲ့ဝင် ဗိုလ်မှူးသောင်းထွဋ်လွင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်၊ မြို့နယ်လျှပ်စစ်၊ ဈေးကော်မတီဝင်များနှင့် ပြည်သူများက မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်၊ သရုပ်ပြမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ရောဦးသာ**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ပန်းတိုင်အထွက်နှုန်း စစ်တမ်းကောက်ယူ

ထားဝယ် ဒီဇင်ဘာ ၂၀

တနင်္သာရီ တိုင်းဒေသကြီး အတွင်း ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ တောင်သူများအား စစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၁၇ ရက်တွင် ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့်သီးနှံ ၁၀ မျိုး ပန်းတိုင်ရည်မှန်းချက်/ အထွက်နှုန်း မကောင်းရခြင်း အကြောင်းရင်းများကို စစ်တမ်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်းရှိ ဒုတိယ လက်ထောက်ဦးစီးမှူး တစ်ဦးလျှင် တောင်သူ ၁၀၀ နှုန်းဖြင့် စုစုပေါင်းတောင်သူ ၂၃၀၀ အား စစ်တမ်းကောက်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများက အဆင့်ဆင့် ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## မွေးနေ့ဆုတောင်း

မိသားစုအပေါ် တံတိုင်းကြီးသဖွယ် ရှေ့ကမားမား မတ်မတ်ရပ်တည်ကာဆီးပေးတဲ့ အဖေ၊ မိသားစုအပေါ် မပူမပင် မကြောင့်မကျ စိတ်ချမ်းသာအောင်ထားတဲ့အဖေ၊ ကိုယ့်အတွက် မကြည့်ဘဲ မိသားစုအတွက်ပဲ ကြည့်တဲ့အဖေ၊ ဂုဏ်ယူလေးစားရတဲ့ အဖေ၊ **ဒေါက်တာ ဦးဝင်းဆွေ** (၂၁-၁၂-၂၀၂၅)ရက်နေ့တွင် ကျရောက်သည့် "၈၂"နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်တစ်ရာတိုင် ချစ်ရတဲ့ မိသားစုတွေနဲ့အတူ ကျန်းမာချမ်းသာလန်းဖြာ ဘယာကွာ လိုအင် ဆန္ဒများ ပြည့်စုံပြီး အလှူရေစက်လက်နဲ့မကွာ လှူဒါန်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ် အဖေ .....

**ချစ်ရတဲ့**
**ချစ်ဇနီး - ဒေါ်ခင်မာလာ**
**ချစ်သမီး- မေဝင်းဆွေ**
**ချစ်သား - နေဝင်းဆွေ - သဲနော်ဇာ**
**ချစ်မြေး - အဂ္ဂမျိုး**

---

ရန်ကုန်ပညာရေးတက္ကသိုလ်
(၂၈) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ
YU OE

၂၄-၁-၂၀၂၆ စနေနေ့ နံနက် (၉) နာရီ ရန်ကုန်ပညာရေး တက္ကသိုလ် LEARNING HUB တွင် ကျင်းပပါမည်။

နှစ်စဉ်ကန်တော့ခံ မြတ်ဆရာများနှင့် ကျောင်းသား/ သူများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

K pay – U Sein Paw 09 - 792 612 535
KBZ Bank ငွေစာရင်းအမှတ် - 02132699936127801 (KMY)
Daw Myint Myint Shwe (09 – 51 73146) + Daw Kyin Htay
လှူဒါန်းသူအမည် YUOE မြတ်ဆရာပူဇော်ပွဲ တို့ ရေး၍ ဖုန်းဆက်ပါရန်။

ဥက္ကဋ္ဌ - ဦးစိုးဝင်း (ဒုညွှန်ချုပ်-ငြိမ်း) 09 – 401 161 491
အတွင်းရေးမှူး - ဦးကျော်ဝင်း 09 – 442 525 299
- ဦးကျော်မိုးဦး 09 – 53 94568

---

## လှူဒါန်းနိုင်ပါရန်နှိုးဆော်ခြင်း

မန္တလေးမြို့ မဟာမုနိဘုရားကြီး ရွှေကျောင်းတော်ကြီးပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ အသစ်ကပ်လှူမည်ဖြစ်ပါသဖြင့် ရွှေချိန်(၁)ကျပ်၊ ၈ ပဲသားရှိ "( ၉ )လက်မပတ်လည်" ရွှေစင်ရွှေပြား (၁)ချပ်လျှင် ကျပ်သိန်း(၉၀)နှုန်းဖြင့် အလှူရှင်ကမ္ပည်း ရေးထိုး၍ လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်-ဖုန်း-၀၉-၇၉၄၀၄၄၄၄၇၅၊
၀၉-၄၀၂၅၉၉၈၁၃

**မဟာမုနိဂေါပကအဖွဲ့**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၉၇၉)၊ ရွှေတောင်တန်းလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ် (၉၇၉)၊ ဧရိယာ(၄၀x၆၀)ပေ အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်သည် ဦးအောင်ကျော်ဦး [၁၂/သဃက(နိုင်)၀၆၂၃၀၇] နှင့် ဒေါ်နော်သူးလေဖော [၁၂/သဃက(နိုင်) ၀၆၂၃၀၆]တို့ အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါ မြေထဲမှတရားဝင် မခွဲမစိတ်ရသေးသည့် မြေကွက်၏ခြေရင်းခြမ်း၊ (၂၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဝေ (စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၇)၊ ဗန္ဓုလလမ်း၊ ( ၄၆ ) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မြေကွက်အမှတ်(၇)၊ ဧရိယာ (၄၂x ၆၀)ပေ အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်သည် ဦးလှမြင့် (၄) (Q/RGN-၀၀၀၄၅၀) အမည်ပေါက်ဖြစ်ပြီး၊ အဆိုပါ မြေထဲမှတရားဝင် မခွဲမစိတ်ရသေးသည့် မြေကွက်၏ ခေါင်းရင်းခြမ်း၊ (၂၂x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မှတ်ပုံတင်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခိုင်နီနီဝင့်ထံမှ ယခုရောင်းသူ ဦးသိန်းနိုင်ထွန်း [၁၂/ဒဂရ(နိုင်) ၀၁၄၂၆၆]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်၊ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဝေ (စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊(၅)လမ်း၊ အမှတ်(၃၇)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ ဟောင်ကောင်(၄)ထပ် တိုက်၏ပထမထပ်+ထပ်ခိုးပါ၊ (ခြေရင်းခန်း/တိုက်ကိုမျက်နှာမူလျှင်လက်ယာဘက်အခန်း)၊ အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ဦးစိန်မြင့်(ကန်ထရိုက်တာ)ထံမှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းဇော်သိန်း[၁/ဗမန(နိုင်)၀၀၀၇၁၈] အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော(၁)ဒေါ်အိရွှေဇင် [၁၂/လမတ(နိုင်)၀၂၄၅၈၈] (၂) ကိုမြတ်မင်းသန်း [၁၂/လမတ(နိုင်)၀၃၉၉၀၃] တို့မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကိုတရားဝင် နည်းလမ်းတကျအရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃)**
**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**

---

## ကန့်ကွက်နိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေတိုင်းအမှတ်-၂၅၊ မြေကွက်အမှတ်၅ နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အမှတ်-၇၂၉ ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀'x၃၅') ပေခန့်ရှိသည့် နှစ်ထပ်တိုက်အိမ်အပေါ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်နိုင်ဝင်း [၁၀/မလမ(နိုင်) ၀၂၁၀၂၈] မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်သည် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိအောင်ကြေညာအပ်ပါသည်။

**ဦးမြင့်ဦး**
**၀၉-၇၆၅၄၈၉၀၈၆**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၉)ရပ်ကွက်၊ မဏိစန္ဒာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၁၈၆၃)ဟုခေါ်တွင်သော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစိန်အေး[၁၂/သဃက(နိုင်) ၀၀၇၀၉၈]အမည်ပေါက် အကျယ်(အလျား ၄၀ x အနံ ၆၀)ပေရှိ ပါမစ်မြေကွက်ကြီး အနက်မှ တရားဝင် မခွဲစိတ်ရသေးသော အကျယ်(အလျား ၁၀ x အနံ ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက် အဆောက်အအုံတစ်လုံးအပါအဝင် ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိဖြစ်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသူ ဦးခင်ဝင်း[၁၂/သခန(နိုင်)၀၃၉၇၃၃]က ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်မာရီ[၁၄/ဘကလ(နိုင်)၁၃၁၄၆၆]က အပြီးအပိုင်ဝယ်ယူရန် လက်ခံပြီး ရောင်းသူထံ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို အထက်ပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အထမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မာရီ[၁၄/ဘကလ(နိုင်)၁၃၁၄၆၆]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းအိဇာ LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ် ၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉-၈၉၃၅၁၄၅၆၄**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၈)၊ ဦးပိုင်အမှတ်(၂၁၅)ခဲစင်း၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန (နိုင်) ၀၀၁၉၃၈]က အမှုတွဲအမှတ်(၄၄၇၀/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၉၀)၊ မြေကွက်အမှတ်- (၇၆၉)၊ ဧရိယာ-(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ကွမ်းအပ်မင်းသားကြီးလမ်း၊ (၉၀)ရပ်ကွက်၊ အမှတ်-(၇၆၉)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြ မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်စန်းစန်းမြင့် [၁၃/လရန(နိုင်)၀၉၅၁၂၄] အမည်ဖြင့် တည်ရှိသော နှစ်(၆၀)ဂရန် မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ဖြစ်သူ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်နေ့မှစ၍ (၇) ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်း၊ ဂရန်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မင်းနိုင်(LL.B,C.B.L,WIPO DL-101(GENEVA))**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၇)**
**အမှတ် (၁၉၉)၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၆၈၁၄၅၁၄၉၀**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဏ/၄၀)၊ လူနေရပ်ကွက်အမှတ် (၁၄)၊ အောင်စေတနာလမ်း၊ မြေကွက်အမှတ် (၂၃၂/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ ဦးစံသိန်းအမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစံသိန်း [၁၂/လမန(နိုင်)၀၅၅၅၁၂] မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးယဉ်မိုး [၅/ဒပယ (နိုင်) ၀၆၅၅၈၈] မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးယဉ်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ဖြူဝေဝေအောင် (LL.B)** | **ဒေါ်သိမ့်သန္တာအောင် (LL.B)** | **ဒေါ်ယမင်းဖြူဖြူသိန်း (LL.B (Q))** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)** | **အထက်တန်းရှေ့နေ (စဉ်-၄၈၂၂၉)** | **အထက်တန်းရှေ့နေ (စဉ်-၅၇၀၅၃)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၆၀၈)၊ ဦးပိုင်အမှတ်(၁၃၆+၁၃၇/၁+၁၃၇/၂+၁၄၂)ခဲစင်း၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန (နိုင်) ၀၀၁၉၃၈]က အမှုတွဲအမှတ်(၄၄၆၄/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက် အမှတ် (၆၀၈)၊ ဦးပိုင်အမှတ်(၉၃/၁+၉၃/၂)ခဲစင်း၊ ယဉ်တော်ကျေးရွာ၊ ကမ်းနား လမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်း ခံရသော Mandalay Business Capital City Development Ltd၏ (ကိုယ်စား အစည်းအဝေး မှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်)၀၀၁၉၃၈] က အမှုတွဲအမှတ် (၄၄၆၃/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ် (၆၀၈)၊ ဦးပိုင်အမှတ်(၁၇၈+ ၁၇၉+ ၁၈၀)ခဲစင်း၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်း အနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်း ခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စားအစည်းအဝေး မှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန (နိုင်) ၀၀၁၉၃၈]က အမှုတွဲအမှတ် (၄၄၆၂/ ၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ချယ်ရီ(၃)လမ်း၊ မြေကွက်အမှတ်(၂၉၂) ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား(၈၅×၈၂) ၊ အနံ (၈၀×၈၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ် အားလုံးတို့သည် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်ပန်းမြတ်ဖြူစိုး (၁၂/လကန(နိုင်) ၁၄၁၁၆၁)** မှ (၂-၂-၂၀၁၇)ရက်နေ့တွင် မခိုင်ပွင့်ဖြူစိုး (၁၂/လမန(နိုင်) ၁၅၇၇၂၃) နှင့် မယွန်းပွင့်ဖြူလင်း (၁၂/လမန(နိုင်) ၁၆၁၃၁၄၆) တို့အား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကတိစာချုပ်ဖြင့် ပေးကမ်းခဲ့ပါသည်။

ယခုအခါအဆိုပါပေးကမ်းသည့် ပစ္စည်းအား အပိုင်ပေးကမ်းသူ ဒေါ်ပန်းမြတ်ဖြူစိုး (၁၂/လကန(နိုင်)၁၄၁၁၆၁)မှ အဆိုပါမေတ္တာဖြင့်ပေးကမ်းခြင်းကတိစာချုပ်အား မိမိဆန္ဒဖြင့် ပယ်ဖျက်ရုပ်သိမ်းပါကြောင်းနှင့် အထက်ပါကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကန့်ကွက်နိုင် ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)**
**အမှတ်(၁၀၁)၊ ပထမထပ်၊(၃၉)လမ်း၊ကျောက်တံတားမြို့နယ်။၀၉-၄၃၂၀၇၃၃၉**

---

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ နဝဒေး(၃)လမ်း၊ အမှတ်(၃၁၇)၊ အကျယ်အဝန်း(အလျား ၃၈ပေ/၃၉ပေ x အနံ ၉၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၂-၃-၁၉၉၉)ရက်စွဲပါ "မိသားစုပိုင်ခြံမြေအား ညီအစ်ကို မောင်နှမများမှ သဘောတူခွဲဝေယူခြင်းမှတ်တမ်း" အရ ဦးမှတ်ကြီး(ခ)ဦးသောင်းရှိန်မှ ပိုင်ဆိုင်လာခဲ့ပါသည်။ ယခုအခါ ဦးမှတ်ကြီး(ခ) ဦးသောင်းရှိန်ထံမှ အမွေဆက်ခံပိုင်ဆိုင်လာသူများထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ အထောက်အထား မူရင်းများတကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မင်းနိုင် (LL.B,C.B.L,WIPO DL-101(GENEVA))**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၇)**
**အမှတ် (၁၉၉)၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၆၈၁၄၅၁၄၉၀**

---

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

